# ကြေးမုံ

# The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957


**ဆွေမျိုးတို့နှင့် နေရသကဲ့သို့**

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၂၀၇)


၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၂ ရက်၊ စနေနေ့။ Saturday, 19 November 2022 ၁၀၉၂၄


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေး လုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက် ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံ ဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## တစ်ဖက်သတ်စွပ်စွဲချက်များအပေါ် အခြေခံပြီး နိုင်ငံရေးသဘောသက်ဝင်သည့် နိုင်ငံတစ်နိုင်ငံတည်းအပေါ် ပစ်မှတ်ထား ချမှတ်သော ဆုံးဖြတ်ချက်အဆိုကို မြန်မာနိုင်ငံက ကန့်ကွက်ပယ်ချ

အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့၌ ၁၆-၁၁-၂၀၂၂ ရက်တွင် ကျင်းပခဲ့သည့် (၇၇)ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ၊ တတိယကော်မတီအစည်းအဝေးတွင် "မြန်မာနိုင်ငံရှိ "ရိုဟင်ဂျာ" ဆိုသူ မွတ်စလင်များနှင့် အခြားလူနည်းစုများ၏ လူ့အခွင့်အရေးအခြေအနေ" ဟု ခေါင်းစဉ်တပ်ထားသည့် ဆုံးဖြတ်ချက်အဆိုကို မြန်မာနိုင်ငံ၏ တရားဝင်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခြင်းမရှိဘဲ အတည်ပြုချမှတ်ခဲ့သည်။

လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးတွင် သမာသမတ်ကျရေး၊ ဓမ္မဓိဋ္ဌာန်ကျရေးနှင့် ရွေးချယ်ပစ်မှတ်မထားရေး မူဝါဒများကို ဆန့်ကျင်၍ နိုင်ငံတစ်နိုင်ငံတည်းအပေါ် ဦးတည်ဆောင်ရွက်သည့် ဖန်တီးထားသော ဆုံးဖြတ်ချက်အဆိုများနှင့် လုပ်ပိုင်ခွင့်များကို မြန်မာနိုင်ငံက အစဉ်တစိုက် ကန့်ကွက်သည်။

အီးယူနှင့် အိုအိုင်စီတို့က နှစ်စဉ် ကမကထပြု တင်သွင်းသည့် ရှည်လျားလှသော ဆုံးဖြတ်ချက်အဆိုတွင် အခြေအမြစ်မရှိသော ထပ်တလဲလဲ စွပ်စွဲချက်များ ပါဝင်သည်။ ဆုံးဖြတ်ချက်အဆိုတွင် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ရန် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ်ကို ပေးအပ်သည့် လက်တွေ့မကျသော လုပ်ငန်းတာဝန်များလည်း ပါဝင်သည်။ ထို့အပြင် ကုလသမဂ္ဂအထွေထွေညီလာခံနှင့် "IIMM" ဆိုသည့် ယန္တရားအကြား ဆွေးနွေးမှုပြုလုပ်ရန် ထပ်ဆောင်းအစီအစဉ်ကို ဖန်တီးမှုသည် မြန်မာနိုင်ငံအပေါ် တိုးမြှင့်ဖိအားပေးရန်သာ ဆောင်ရွက်ခြင်းဖြစ်သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ☆



မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)မြစ်ကူးတံတား၏ ရန်ကုန်ဘက်ခြမ်း တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

## မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)မြစ်ကူးတံတားတည်ဆောက်မှု ၄၈ ရာခိုင်နှုန်းပြီးစီး

ရန်ကုန် နိုဝင်ဘာ ၁၈

မြန်မာ-ကိုရီးယား ချစ်ကြည်ရေး (ဒလ)မြစ်ကူးတံတား တည်ဆောက်ရေးစီမံကိန်းအား ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိရာ ယခုအခါ တံတားတစ်စင်းလုံး၏ ၄၈ ရာခိုင်နှုန်း တည်ဆောက်ပြီးစီးနေပြီဖြစ်ကြောင်း တံတားတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းခွင်မှ သိရသည်။

ရန်ကုန်မြစ်ကိုဖြတ်သန်း၍ တည်ဆောက်နေသည့် မြန်မာ-ကိုရီးယား ချစ်ကြည်ရေး(ဒလ)တံတားကို ကိုရီးယားသမ္မတနိုင်ငံ စီးပွားဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ EDCF Loan ချေးငွေ အမေရိကန်ဒေါ်လာ ၁၅၇ ဒသမ ၈၃၃ သန်းနှင့် မြန်မာအစိုးရထည့်ဝင်ငွေ အမေရိကန်ဒေါ်လာ ၃၀ ဒသမ ၃၄၁ သန်း စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၈၈ ဒသမ ၁၇၄ သန်း အကုန်အကျခံ တည်ဆောက်နေခြင်းဖြစ်သည်။

**စာမျက်နှာ ၇ ကော်လံ ၁ သို့** ❖

## ယနေ့ဖတ်စရာ


ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း
စာမျက်နှာ » ၃

ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်
စာမျက်နှာ » ၄

အမေရိကန်က အသုံးချနေသည့် လူကုန်ကူးမှုအစီရင်ခံစာ
ဆောင်းပါး စာမျက်နှာ » ၆

နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ပထမနှစ်(ဒုတိယနှစ်ဝင်)နှင့် ဒုတိယနှစ်မှ ပါရဂူဘွဲ့သင်တန်းများ၏ ကျောင်းအပ်လက်ခံရက် ကြေညာ
စာမျက်နှာ » ၁၁

မြန်မာ-ရုရှား နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရုရှားနိုင်ငံအစိုးရပိုင်းနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ
စာမျက်နှာ » ၁၁

ကြေးမုံ

# အရည်အသွေးမြင့်ထုတ်ကုန်ဖြင့် စီးပွားမြင့်တင်

နိုင်ငံတစ်နိုင်ငံတွင် ၎င်းနိုင်ငံ၏ ပြည်တွင်းထုတ်ကုန်များ အရည်အသွေးနှင့် အဆင့်အတန်းမြင့်မားလျှင် ပြည်တွင်းသုံးစွဲရန်သာမက ပြည်ပသို့တင်ပို့ရန်အတွက်ပါ အလျှံထုတ်လုပ်ရမည်ဖြစ်သည်။ မြန်မာနိုင်ငံနှင့်အနီးစပ်ဆုံး အိမ်နီးချင်း ထိုင်း၊ တရုတ်၊ အိန္ဒိယနိုင်ငံ ထုတ်ကုန်ပစ္စည်းများ၏ အရည်အသွေးနှင့်အဆင့်အတန်းမှာ မြင့်မားသောကြောင့် မြန်မာနိုင်ငံအနေဖြင့် လူသုံးကုန်ပစ္စည်း အသေးအမွှားမှအစ ကြီးကြီးမားမားအထိ ၎င်းနိုင်ငံများမှ ဝယ်ယူအသုံးပြုလျက်ရှိသည်။

ပြည်တွင်းထုတ်ကုန် တိုးတက်မြှင့်တင်ထုတ်လုပ်နိုင်မှုကြောင့် ၎င်းနိုင်ငံများ၏ စီးပွားရေးမှာ ဖွံ့ဖြိုးတိုးတက်နေပြီး မြန်မာနိုင်ငံအနေဖြင့် ပြည်ပသွင်းကုန်များကို မှီခိုအားထားနေသောကြောင့် ကုန်သွယ်မှုလိုငွေပြပြီး ပြည်တွင်းကုန်ထုတ်လုပ်မှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခဲ့သည်။ အဆိုပါအခြေအနေတွင် တစ်ကမ္ဘာလုံးကြုံတွေ့ခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာ့စီးပွားရေးသည် အဆိုးဆုံး အခြေအနေသို့ရောက်ရှိခဲ့ပြီး လူတစ်ဦးချင်းဝင်ငွေများလည်း ကျဆင်းသွားခဲ့သည်။ အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများသည် စီးပွားရေး၊ လူမှုရေးကဏ္ဍများတွင် တိုက်ရိုက်ထိခိုက်မှုများကြုံတွေ့ခဲ့ရသည်။ မြန်မာနိုင်ငံအနေဖြင့်လည်း အခြားနိုင်ငံများနည်းတူ ထိခိုက်ခံစားခဲ့ရသည်။ ငွေကြေးအရင်းအနှီးနည်းသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ပိုမိုထိခိုက်ခဲ့ရသည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရက အသေးစား၊ အငယ်စားနှင့် အလတ်စား MSME လုပ်ငန်းများကို ထောက်ပံ့ကူညီအားပေးပြီး ပြည်တွင်းထုတ်ကုန်များ အဆင့်အတန်းမြင့်မားတိုးတက်လာအောင် ဖြည့်ဆည်းပေးလျက်ရှိသည်။ မြန်မာနိုင်ငံတွင် နိုင်ငံ့စီးပွားရေးလုပ်ငန်းအားလုံး၏ ၉၉ ရာခိုင်နှုန်းသည် MSME လုပ်ငန်းများဖြစ်ပြီး နိုင်ငံ့စီးပွားရေးအတွက် အဓိကမောင်းနှင်လည်ပတ်လျက်ရှိသည်။ နိုင်ငံတော်အနေဖြင့် MSME လုပ်ငန်းများကို မြှင့်တင်အားပေးဆောင်ရွက်လျက်ရှိရာ "ဒေသအသီးသီးရှိ အလားအလာကောင်းသည့် ကုန်ကြမ်းများ၊ လယ်ယာ၊ သားငါးထွက်ကုန်များကို နည်းပညာ၊ စက်ပစ္စည်းအကူအညီဖြင့် ကုန်ကြမ်းအဆင့်မှ တန်ဖိုးမြှင့်ထုတ်ကုန်များ ဖြစ်ပေါ်ရေး၊ တန်ဖိုးကွင်းဆက် မြှင့်တင်နိုင်ရေးတို့ကို အားသွန်ခွန်စိုက်ဆောင်ရွက်ပြီး နိုင်ငံ့ GDP ကို မြှင့်တင်ရေး ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း" နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီ အစည်းအဝေး (၁/၂၀၂၂)တွင် ပြောကြားခဲ့သည်။

မြန်မာနိုင်ငံ၏ စီးပွားရေး ပြန်လည်ဦးမော့လာရေးအတွက် MSME လုပ်ငန်းများ၏ အခန်းကဏ္ဍသည် များစွာအရေးပါလျက်ရှိသည်။ ပုဂ္ဂလိက စက်မှုလုပ်ငန်း ဥပဒေအရ မှတ်ပုံတင်ထားသည့် လုပ်ငန်းများအနက် MSME လုပ်ငန်းသတ်မှတ်ချက်နှင့်ကိုက်ညီသည့် လုပ်ငန်း ၄၅၀၀၀ ကျော်ရှိသည်။ ထို့အပြင် အခြားဝန်ကြီးဌာနများတွင် မှတ်ပုံတင်ထားသောလုပ်ငန်း ၂၅၀၀၀၀ ကျော်လည်းရှိသည်။ မှတ်ပုံတင်ထားသည့် MSME လုပ်ငန်းများ ရှင်သန်ရန်နှင့် လုပ်ငန်းများ ပုံမှန်လည်ပတ်စေရန်အတွက် နိုင်ငံတော်အစိုးရက ငွေကြေးအရင်းအနှီးများ ထုတ်ချေးပေးထားပြီး ချေးငွေပေးဆပ်မှုကာလကိုလည်း သက်တမ်းထပ်မံတိုးမြှင့်ပေးထားသည်။ MSME လုပ်ငန်းများသည် စီးပွားရေးတွင် အင်အားကောင်းပြီး နိုင်ငံ၏အားသာချက်အပေါ်တွင် အသုံးချနိုင်မည်ဆိုပါက အခွင့်အလမ်းကောင်းများ ရရှိလာမည်ဖြစ်သည်။ အခွင့်အလမ်းအနေဖြင့် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်း၏ လိုအပ်ချက်ဖြစ်သော စားသောက်ကုန်ဆိုင်ရာ ထုတ်ကုန်များကို သုံးစွဲသူအကြိုက် ထုတ်လုပ်ပေးရန်လိုအပ်သည်။

စားသောက်ကုန်ပစ္စည်းများကို အဆင့်အတန်းမြင့်မားသော နည်းပညာများ အသုံးပြုပြီး အန္တရာယ်ကင်းရှင်းသော တန်ဖိုးမြှင့်ထုတ်ကုန်များ၊ ဆန်းသစ်တီထွင်ထားသည့် သုံးစွဲသူအကြိုက် ထုတ်ကုန်များထုတ်လုပ်နိုင်ရေး၊ ကမ္ဘာ့တန်ဖိုးမြှင့်ကွင်းဆက်နှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းထုတ်လုပ်မှုကွန်ရက်များသို့ ဝင်ရောက်နိုင်ရန် ဝိုင်းဝန်းလက်တွဲ ကြိုးပမ်းဆောင်ရွက်ကြရန်လိုအပ်သည်။ ထို့အပြင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စားသုံးသူများ၏ အပြုအမူနှင့် လိုအပ်ချက်ပုံစံများ ပြောင်းလဲလာသည့်အတွက် MSME လုပ်ငန်းများအနေဖြင့် ဈေးကွက်သုတေသနရလဒ်များကို လေ့လာဆောင်ရွက်ရန်နှင့် ဒစ်ဂျစ်တယ်နည်းပညာကို မဖြစ်မနေသုံးစွဲရန် လိုအပ်လာပြီဖြစ်သည်။ သို့သော် MSME လုပ်ငန်းများအနေဖြင့် လက်ရှိအချိန်အထိ ဒစ်ဂျစ်တယ်နည်းပညာများကို ထုတ်လုပ်မှုအပိုင်း၊ ဈေးကွက်မြှင့်တင်ရေးအပိုင်းနှင့် ကုန်သွယ်ငွေလွှဲသည့်အပိုင်းတို့တွင် ကျွမ်းကျင်စွာသုံးစွဲရန် လိုအပ်နေဆဲဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက MSME လုပ်ငန်းများ အခွင့်အရေးလက်ဝယ်ရရှိနိုင်ရန်နှင့် စိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်ရန် ဆောင်ရွက်ပေးလျက်ရှိသည်။

သို့ဖြစ်ရာ MSME လုပ်ငန်းများအား တန်ဖိုးမြှင့်ထုတ်ကုန်များ ထုတ်လုပ်နိုင်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးပြီး ပြည်တွင်းအသားတင်ထုတ်လုပ်မှုတန်ဖိုး မြင့်မားတိုးတက်လာအောင် ကူညီပေးကာ နိုင်ငံ့စီးပွားမြင့်မားတိုးတက်လာရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။




## ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

နေပြည်တော် နိုဝင်ဘာ ၁၈

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်းမိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းလျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော် ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ရာဇဓာနီသာမဏေကျော်ကျောင်းတိုက်၊ မွန်ပြည်နယ် မော်လမြိုင်မြို့နယ်ရှိ စိန်မမပါဠိတက္ကသိုလ်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ ကျားရုပ်ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်ရှိ ပိဋကသုံးပုံနိကာယ် ပရိယတ္တိစာသင်တိုက်၊ မင်္ဂလာဒုံမြို့နယ်ရှိတိပိဋကမဟာသစ္စာအောင်မြေကျောင်းတိုက်၊ လှိုင်မြို့နယ်ရှိ ဇေယျာဝတီပရိယတ္တိစာသင်တိုက်နှင့် လှိုင်သာယာ (အနောက်ပိုင်း)မြို့နယ်ရှိ ရတနာမဏ္ဍိုင်ကျောင်းတိုက်၊ ရှမ်းပြည်နယ် ကျိုင်းတုံမြို့နယ်ရှိ စွမ်းခမ်းကျောင်းတိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ်ရှိ လေသာတိုက်သစ်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်ရှိ ငြိမ်းချမ်းရေး ပရိယတ္တိစာသင်တိုက်နှင့် မဟာအောင်မြေမြို့နယ်ရှိ ရေနံချောင်းကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ တပ်ဦးဆုတောင်းပြည့်ပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်ရှိ ဆုထူးပန်ကျောင်းတိုက်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ မန်ကောင်းကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း ဆရာတော်၊ သံဃာတော်များအတွက် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၈ - ၁၁ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉,၁၀၀ | ၉,၀၀၀ | ၁,၀၁၀ | ၉,၁၇၉,၀၀၀ |
| MTSH | ၃,၃၀၀ | ၃,၃၅၀ | ၇၆၄ | ၂,၄၆၀,၉၀၀ |
| MCB | ၇,၈၀၀ | ၇,၈၀၀ | ၁၉ | ၁၄၈,၂၀၀ |
| FPB | ၁၉,၅၀၀ | ၁၉,၅၀၀ | ၀ | ၀ |
| TMH | ၂,၇၀၀ | ၂,၇၀၀ | ၁ | ၂,၇၀၀ |
| EFR | ၂,၇၀၀ | ၂,၇၀၀ | ၂၆၉ | ၇၂၆,၃၀၀ |
| AMATA | ၅,၀၀၀ | ၄,၉၀၀ | ၁၀၁ | ၅၀၄,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် နိုဝင်ဘာ ၁၈

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၂၁၀၀.၀ |
| ( ခ ) ဥရောပ | တစ်ယူရို | = | ၂၁၈၂.၁ |
| ( ဂ ) တရုတ် | တစ်ယွမ် | = | ၂၉၅.၁၉ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၅၈.၇၉၁ |
| ( င ) မလေးရှား | တစ်ရင်းဂစ် | = | ၄၆၁.၁၈ |
| ( စ ) အိန္ဒိယ | တစ်ရူပီး | = | ၂၅.၇၁၄ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၄၁၁.၉ |
| ( ဇ ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၅၃၁.၂ |
| ( ဈ ) ဂျပန် | တစ်ရာယန်း | = | ၁၅၀၁.၂ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၅၆.၉၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန် - ဦးနိုင်လင်းကြည်၊
စာတည်းများ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဦးကျော်စွာလင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ဂုဏ်ထူးဆောင်ဘွဲ့များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၂၁၃ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်

( ၂၀၂၂ ခုနှစ် ၊ နိုဝင်ဘာလ ၁၈ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ်ကာလအတွင်း နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့သော အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**ပြည်ထောင်စုစည်သူသင်္ဂဟဘွဲ့**

**စည်သူဘွဲ့**

| | | |
|---|---|---|
| ၁။ ဒုတိယဗိုလ်ချုပ်ကြီးအေးသောင် | အဖွဲ့ဝင် | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂။ ဗိုလ်ချုပ်ဉာဏ်လင်း | အဖွဲ့ဝင် | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံ့ချီဘွဲ့**

| | | |
|---|---|---|
| ၁။ ဒုတိယဗိုလ်ချုပ်ကြီးမောင်သင့် | ဝန်ကြီး | နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန |
| ၂။ ဒုတိယဗိုလ်ချုပ်ကြီးမြသင်း | ဝန်ကြီး | ပြည်ထဲရေးဝန်ကြီးဌာန |
| ၃။ ဒုတိယဗိုလ်ချုပ်ကြီးမျိုးညွန့် | ဝန်ကြီး | သာသနာရေးဝန်ကြီးဌာန |
| ၄။ ဒုတိယဗိုလ်ချုပ်ကြီးမောင်လှ | ဝန်ကြီး | လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန |
| ၅။ ဒုတိယဗိုလ်ချုပ်ကြီးကျော်မင်း | ဝန်ကြီး | သတ္တုတွင်းဝန်ကြီးဌာန |
| ၆။ ဗိုလ်ချုပ်စိုးမြင့် | ဝန်ကြီး | လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန |
| ၇။ ဗိုလ်မှူးကြီးဖေသိန်း | ဝန်ကြီး | ဝန်ကြီးချုပ်ရုံး |
| ၈။ ဗိုလ်မှူးချုပ်မျိုးသန့် | ဝန်ကြီး | နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥက္ကဋ္ဌရုံး |
| ၉။ ဗိုလ်ချုပ်လှမြင့်ဆွေ | ဝန်ကြီး | စက်မှုဝန်ကြီးဌာန |
| ၁၀။ ဦးခင်မောင်ရင် | ဝန်ကြီး | ဒုတိယဝန်ကြီးချုပ်ရုံး |
| ၁၁။ ဗိုလ်မှူးချုပ်မောင်မောင် | ဝန်ကြီး | ဒုတိယဝန်ကြီးချုပ်ရုံး |
| ၁၂။ ဒုတိယဗိုလ်ချုပ်ကြီးသိန်းဝင်း | ဝန်ကြီး | ပို့ဆောင်ရေးဝန်ကြီးဌာန |
| ၁၃။ ဗိုလ်ချုပ်အေးကျော် | ဝန်ကြီး | ပြန်ကြားရေးဝန်ကြီးဌာန |
| ၁၄။ ဦးအောင်ဖုန်း | ဝန်ကြီး | သစ်တောရေးရာဝန်ကြီးဌာန |
| ၁၅။ ဗိုလ်မှူးချုပ်ပြည့်စုံ | ဝန်ကြီး | ဝန်ကြီးချုပ်ရုံး |
| ၁၆။ ဗိုလ်မှူးချုပ်မောင်ကြည် | ဥက္ကဋ္ဌ | ကယားပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၁၇။ ဗိုလ်မှူးကြီးမျိုးမြင့် | ဥက္ကဋ္ဌ | ကရင်ပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၁၈။ ဗိုလ်မှူးကြီးခင်ကြူး | ဥက္ကဋ္ဌ | ကရင်ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| ၁၉။ ဗိုလ်မှူးကြီးလှမြင့်ကျော် | ဥက္ကဋ္ဌ | ချင်းပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂၀။ ဗိုလ်မှူးကြီးမောင်ချို | ဥက္ကဋ္ဌ | ချင်းပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂၁။ ဗိုလ်မှူးကြီးဘိုးချို | ဥက္ကဋ္ဌ | ချင်းပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂၂။ ဗိုလ်မှူးကြီးသိန်းလွင် | ဥက္ကဋ္ဌ | ချင်းပြည်နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂၃။ ဗိုလ်မှူးကြီးလှငွေ | ဥက္ကဋ္ဌ | ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |
| ၂၄။ ဗိုလ်မှူးကြီးသန်းဝင်း | ဥက္ကဋ္ဌ | ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |
| ၂၅။ ဗိုလ်မှူးကြီးတင်လှ | ဥက္ကဋ္ဌ | ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ |
| ၂၆။ ဗိုလ်မှူးကြီးသန်းတင် | ဥက္ကဋ္ဌ | စစ်ကိုင်းတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂၇။ ဗိုလ်မှူးချုပ်ညွန့်လှိုင် | ဥက္ကဋ္ဌ | ကယားပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ |
| ၂၈။ ဗိုလ်မှူးကြီးသာဝင်း | ဥက္ကဋ္ဌ | တနင်္သာရီတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၂၉။ ဗိုလ်မှူးကြီးမြငြိမ်း | ဥက္ကဋ္ဌ | တနင်္သာရီတိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ |
| ၃၀။ ဗိုလ်မှူးကြီးစိန်ဝင်းအောင် | မြို့တော်ဝန် | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၃၁။ ဗိုလ်မှူးချုပ်ရန်သိမ်း | မြို့တော်ဝန် | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၃၂။ ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန် | မြို့တော်ဝန် | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးမောင်မောင်ခင် | ဒုတိယစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၂။ | ဒေါ်သင်းသင်း | ဒုတိယစာရင်းစစ်ချုပ် | ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး |
| ၃။ | ဒုတိယဗိုလ်မှူးကြီးသန်းညွန့် | ဒုတိယဝန်ကြီး | အမှတ်(၂)စက်မှုဝန်ကြီးဌာန |
| ၄။ | ဦးစန်းဝေ | ဒုတိယဝန်ကြီး | ပို့ဆောင်ရေးဝန်ကြီးဌာန |
| ၅။ | ဦးဝင်းနိုင် | ဒုတိယဝန်ကြီး | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန |
| ၆။ | ဗိုလ်မှူးကြီးကြည်မောင် | ဒုတိယဝန်ကြီး | ပညာရေးဝန်ကြီးဌာန |

**( ပုံ ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

အမိန့်ကြော်ငြာစာအမှတ် ၂၁၄ / ၂၀၂၂

၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်

( ၂၀၂၂ ခုနှစ် ၊ နိုဝင်ဘာလ ၁၈ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်ဘွဲ့များ**

**သီရိပျံ့ချီဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးလှမြင့် | မြို့တော်ဝန် | ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ |
| ၂။ | ဦးကျော်ဆန်း | မြို့တော်ဝန် | မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ |

**ဝဏ္ဏကျော်ထင်ဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဦးနေဝင်း | သံအမတ်ကြီး(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |

**စွမ်းဆောင်မှုဆိုင်ရာဂုဏ်ထူးဆောင်တံဆိပ်**
**စီမံထူးချွန်တံဆိပ်(ဒုတိယဆင့်)**

| | | | |
|---|---|---|---|
| ၁။ | ဦးရဲကျော်မြ | ညွှန်ကြားရေးမှူးချုပ်(ငြိမ်း) | နိုင်ငံခြားရေးဝန်ကြီးဌာန |

**( ပုံ ) မင်းအောင်လှိုင်**
**ဗိုလ်ချုပ်မှူးကြီး**
**ဥက္ကဋ္ဌ**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**

# ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၇၅ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

## ပြစ်ဒဏ်လွတ်ငြိမ်းခွင့်အမိန့်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်( ခရစ်နှစ်၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်တွင်) ကျရောက်သည့် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့် လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ရှေးရှုသောအားဖြင့် လည်းကောင်း အကျဉ်းထောင်များတွင် ပြစ်ဒဏ်ကျခံလျက်ရှိသည့် အောက်ပါ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များအား ရာဇဝတ်ကျင့်ထုံး ဥပဒေ ပုဒ်မ ၄၀၁၊ ပုဒ်မခွဲ(၁) အရ **"နောက်တစ်ကြိမ် ပြစ်မှုထပ်မံကျူးလွန်ပါက ၎င်းပြစ်ဒဏ်အပြင် ယခုကျခံရန်ကျန်ရှိသော ပြစ်ဒဏ်များကိုပါ ဆက်လက်ကျခံပါမည်"** ဟူသော စည်းကမ်းသတ်မှတ်ချက်ဖြင့် ပြစ်ဒဏ်မှ လွတ်ငြိမ်းခွင့်ပြုလိုက်သည်–

(၁) ဗမ/၂၂/၀၀၃၈၄/က ငွေးရှည်(ဘ)ဦးအောင်ကျော်ဇင်၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂) ဗမ/၂၂/၀၀၃၈၅/က အောင်နိုင်(ဘ)ဦးမောင်ဖြူသောင်း၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃) ဗမ/၂၂/၀၀၃၈၆/က ဇော်ဇော်နိုင်(ဘ)ဦးမောင်အေးခင်၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၄) မကန/၂၂/၀၀၂၉၁/က ကျော်သန်းဝင်း(ခ)ရွှေဝင်း(ဘ)ဦးသာဦး၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၅) စတ/၂၁/၀၀၀၄၃/က ကျော်မင်းနိုင်(ဘ)ဦးရွှေသိန်း၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၆) စတ/၂၂/၀၀၁၇၀/က တင်မောင်စိုး(ဘ)ဦးမောင်မောင်လှ၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၇) စတ/၂၂/၀၀၁၉၃/က သန်းမြတ်ငွေး(ဘ)ဦးစံထွန်းဖြူ၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၈) ဘသတ/၂၁/၀၀၀၉၁/က ဇော်သန်းဝင်း(ဘ)ဦးငတန်ချေ၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၉) ဘသတ/၂၂/၀၀၁၀၉/က ခင်မောင်လှ(ဘ)ဦးချက်ကြီး၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၀) ဘသတ/၂၂/၀၀၁၀၈/က ကျော်နိုင်(ဘ)ဦးကျော်သောင်းစိန်၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၁) သတ/၂၀/၀၀၃၀၁/က ညီညီဇော်(ဘ)ဦးစောမောင်၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၂) ကဖ/၂၂/၀၀၁၈၁/က ကျော်ငွေးလှိုင်(ဘ)ဦးရွှေသိန်း၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၃) ကဖ/၂၂/၀၀၁၈၂/က လှမောင်ဝင်း(ဘ)ဦးအောင်ထွန်း၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၄) ကဖ/၂၂/၀၀၁၈၃/က ဇော်ငွေး(ခ)စူပါ(ဘ)ဦးလှရွှေမောင်၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၅) အစ/၂၀/၁၈၃၄၀/က မောင်နုစိန်(ခ)နိုင်နိုင်(ဘ)ဦးအောင်ပါလှ၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၆) လရ/၂၁/၀၀၂၄၂/က စိုးတင့်(ဘ)ဦးတင်အေး၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၇) လရ/၂၁/၀၀၂၄၃/က ကျော်မင်းထွန်း(ဘ)ဦးစောသိန်းမောင်၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၈) မကန/၂၁/၀၀၇၀၆/က ကွန်ဘောဘရန်မိုင်(ဘ)ဦးကွန်ဘောတန်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၁၉) မကန/၂၁/၀၀၈၇၂/က ခန်ရမ်(ဘ)ဦးဒီးဒန်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၀) မကန/၂၁/၀၀၈၇၅/က ရှုရွှယ်လော့ဒ်အောင်(ဘ)ဦးရှုရွှယ်လဂျာ၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၁) မကန/၂၁/၀၀၂၈၉/က ဆိုင်ဘော်လဆိုင်း(ဘ)ဦးဆိုင်ဘော်ဇော်အိန်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၂) မည/၂၂/၀၀၃၈၂/က တူးအောင်(ဘ)ဦးအင်ဖွေတူး၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၃) ဗမ/၂၂/၀၀၀၃၉/က ဂမ်အောင်(ဘ)ဦးဆိုင်းအောင်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၄) ဗမ/၂၂/၀၀၀၄၀/က နော်ဆန်း(ခ)မရန်နော်ဆန်း(ဘ)ဦးမရန်လဒွဲ၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၅) ဗမ/၂၂/၀၀၁၁၀/က ဝါဖိုင်ဒွဲလီ(ဘ)ဦးဝါဖိုင်လ၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၆) ဗမ/၂၂/၀၀၁၆၃/နက စိန်လှအောင်(ဘ)ဦးထွန်းစိန်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၇) ဗမ/၂၂/၀၀၁၆၅/က အောင်ဖေ(ဘ)ဦးပြည်ပြန်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၈) ဗမ/၂၂/၀၀၁၆၆/က ဇင်လင်းအောင်(ဘ)ဦးငွေးမောင်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂၉) ဗမ/၂၂/၀၀၁၆၇/က လင်းထက်စိုး(ဘ)ဦးဖိုးညို၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၀) ဗမ/၂၂/၀၀၁၆၈/က ချစ်မော်(ဘ)ဦးထွန်းညို၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၁) ဗမ/၂၂/၀၀၂၄၂/က ပြုံးချို(ဘ)ဦးသန်းကျော်ဦး၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၂) ဗမ/၂၂/၀၀၂၄၃/က နိုင်ထက်ဦး(ဘ)ဦးကျော်မင်းဦး၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၃) လရ/၂၁/၀၀၉၆၀/က တန်ဂွန်း(ခ)ဂွန်းအောင်(ဘ)ဦးမာရှောင်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၄) လရ/၂၂/၀၀၅၇၆/က ဂွန်းအောင်(ခ)ဂွမ်းအောင်(ဘ)ဦးရှုရွှယ်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၅) ကတ/၂၂/၀၀၇၁၃/က လီးဆော့(ဘ)ဦးလောရဲ့၊ RCSS/SSA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၆) သပ/၂၂/၀၀၁၉၄/က ဖိုးသား(ခ)စိုင်းစံလျှန်း(ခ)ဇော်မ(ဘ)ဦးတင်ဝင်း၊ RCSS/SSA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၇) သပ/၂၂/၀၀၁၉၅/က ထွန်းရွှေ(ဘ)ဦးအွမ်ပွင့်၊ RCSS/SSA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၈) သပ/၂၂/၀၀၁၉၆/က စိုင်းပိ(ဘ)ဦးနေဝင်း၊ RCSS/SSA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃၉) သပ/၂၂/၀၀၁၉၇/က စိုင်းဦး(ခ)အိုက်ဦး(ဘ)ဦးကောင်း၊ RCSS/SSA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၄၀) အစ/၂၁/၀၅၃၂၃/က မောင်မောင်ထွန်း(ခ)အထွန်းလေး(ခ)စောထွန်းလေး(ဘ)ဦးလဖာအဲ၊ KNU/KNLA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၄၁) လရ/၁၂/၀၀၆၁၄/က အောင်ရွှေ(ခ)အောင်မိုင်(ဘ)ဦးဆန်ကြူ၊ KNU/KNLA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ် ၇၆ / ၂၀၂၂
၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက်
(၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်)

## ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်(ခရစ်နှစ်၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်တွင်) ကျရောက်သည့် အမျိုးသားအောင်ပွဲနေ့ကိုဂုဏ်ပြုသောအားဖြင့် လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ရှေးရှုသောအားဖြင့်လည်းကောင်း အောက်ပါတိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များအပေါ် တရားရုံးများ၌စွဲဆိုထားသည့် ပြစ်မှုဆိုင်ရာအမှုများကို ပိတ်သိမ်းခွင့်ပြုလိုက်သည် –

(၁) စတ/၂၂/၀၀၁၉၁/ခ စိုးမင်း(ဘ)ဦးမောင်စိုးဝင်း၊ AA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၂) မကန/၂၂/၀၀၅၄၆/ခ ယိန်းဘောမ်(ဘ)ဦးချန်းယိန်း၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၃) ဗမ/၂၂/၀၀၃၃၄/ခ နော်ဂရောင်(ဘ)ဦးဂေါ်လူထွယ်ရှောင်၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့
(၄) ဗမ/၂၂/၀၀၃၃၃/ခ ဂွမ်ဂျာနော်(ဘ)ဦးမရစ်တူး၊ KIA တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့

**အမိန့်အရ**

**အောင်လင်းဒွေး**
**ဒုတိယဗိုလ်ချုပ်ကြီး**
**အတွင်းရေးမှူး**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ New Starlight Construction Co.,Ltd. မှ လက်တော့ပ်ကွန်ပျူတာအလုံး ၅၀ ပေးအပ်လှူဒါန်း

**နေပြည်တော် နိုဝင်ဘာ ၁၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်အနက် လုပ်ငန်းစဉ်(၁)နှင့်အညီ မဲစာရင်းများစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းစဉ်(၅)အရအရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးနိုင်ရေးအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အထောက်အကူဖြစ်စေရန် မဲဆန္ဒရှင်စာရင်းပြုစုခြင်းနှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းစဉ်များဆောင်ရွက်ရန်အတွက် New Starlight Construction Co.,Ltd. မှ ငွေကျပ်သိန်း ၁၂၅၀ တန်ဖိုးရှိသော လက်တော့ပ်ကွန်ပျူတာအလုံးရေ ၅၀ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက် ၁၀ နာရီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံးမှ တာဝန်ရှိသူများနှင့် New Starlight Construction Co.,Ltd. မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် New Starlight Construction Co.,Ltd. ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက လက်တော့ပ်ကွန်ပျူတာများကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးထံ ပေးအပ်လှူဒါန်းပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်၍ ကျေးဇူးတင်စကားပြောကြားကြောင်း သိရသည်။

သတင်းစဉ်




# ဝန်ထမ်းများပျော်ရွှင်အပန်းပြေစေရန် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အငြိမ့်အဖွဲ့ ဖျော်ဖြေ

**နေပြည်တော် နိုဝင်ဘာ ၁၈**

နိုင်ငံတော်အစိုးရ၏ယန္တရား ကောင်းမွန်စွာလည်ပတ်နိုင်ရေးအတွက် ကျရာကဏ္ဍမှ တာဝန်သိစိတ်ဖြင့် ဆောင်ရွက်နေကြသည့် ဝန်ထမ်းများကို စိတ်လက်ပေါ့ပါးစွာ အပန်းပြေပျော်ရွှင်မှုရရှိစေရန် ရည်ရွယ်ချက်ဖြင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အားပေးမြှင့်တင်မှုတစ်ခုအဖြစ် ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ မြန်မာ့အသံမှ တေးသံရှင်များက နေပြည်တော်ရှိ ဝန်ကြီးဌာနများသို့ လှည့်လည်ဖျော်ဖြေလျက်ရှိသည်။

**ကြည့်ရှုအားပေး**

အဆိုပါ ဖျော်ဖြေပွဲကို ယနေ့ညနေပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန လောကနတ်ခန်းမ၌ကျင်းပရာ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဇနီး၊ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွဋ်နှင့် ဇနီး၊ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။






ဖျော်ဖြေပွဲတွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ နိုင်ငံကျော်တေးသံရှင်ဂျင်းနီ၊ မြန်မာ့အသံမှတေးသံရှင်များက တေးသရုပ်ဖော်အကများ၊ မြန်မာသံစဉ်တေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများဖြင့်လည်းကောင်း၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ အဥ္ဇလီအငြိမ့်အဖွဲ့မှ ခေါင်းဆောင်မင်းသမီး မြတ်ဆုချယ်၊ ရှေ့ထွက်မင်းသမီး ဖူးဇေကရီဆောင်း၊ လူရွှင်တော် စောမင်းနောင်၊ ဇော်မင်းထွန်း၊ ဇင်ဝိုင်း၊ ကျော်မင်းစိုး၊ မျိုးကျော်သူနှင့် စိုင်းစည်သူတို့က အငြိမ့်ကပြမှုဖြင့်လည်းကောင်း ဖျော်ဖြေတင်ဆက်ကြရာ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဇနီးများ၊ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုဝင်များ ပျော်ရွှင်စွာပါဝင်ဆင်နွှဲကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် ဒုတိယဝန်ကြီးတို့က တေးဂီတအဖွဲ့၊ မြန်မာ့အသံမှ တေးသံရှင်များနှင့် အနုပညာရှင်များအား ဂုဏ်ပြုသစ်သီးခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

☆ **ရှေ့ဖုံးမှ**

၂၇-၈-၂၀၁၈ ရက်တွင် အတည်ပြုချမှတ်ခဲ့သည့် လူ့အခွင့်အရေးကောင်စီ၏ ဆုံးဖြတ်ချက်အဆို ၃၉/၂ ဖြင့် "IIMM"ကို စတင်ဖွဲ့စည်းတည်ထောင်စဉ်ကတည်းက မြန်မာနိုင်ငံက အသိအမှတ်မပြုကြောင်း တရားဝင်အသိပေးကြေညာထားပြီးဖြစ်သည်။

စင်စစ်အားဖြင့် ယခုဆုံးဖြတ်ချက်အဆိုသည် ရခိုင်ပြည်နယ်မြောက်ပိုင်းတွင် ၂၀၁၇ ခုနှစ်၊ ဩဂုတ်လအတွင်း ဖြစ်ပွားခဲ့သော ဖြစ်စဉ်၏ နောက်ဆက်တွဲအနေဖြင့် ပေါ်ပေါက်လာခြင်းဖြစ်သည်။ သို့သော် ယင်းဆုံးဖြတ်ချက်အဆိုတွင် ဖြစ်စဉ်၏ မူလဇာစ်မြစ်နှင့် မြေပြင်အခြေအနေမှန်ကို ရည်ရွယ်ချက်ရှိရှိ ချန်လှပ်ထားသည်။ လက်တွေ့တွင် ရခိုင်ပြည်နယ်မြောက်ပိုင်း၌ ARSA (ခေါ်) Aqua Mul Mujahidin အကြမ်းဖက်အဖွဲ့၏ ခြိမ်းခြောက်မှုများ၊ သတ်ဖြတ်မှုများနှင့် ကြိုတင်ကြံစည်တိုက်ခိုက်မှုများ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလနှောင်းပိုင်းတွင် အလုံးအရင်း နေရပ်စွန့်ခွာမှုများ စတင်ခဲ့ခြင်းဖြစ်သည်။ ယင်းအကြမ်းဖက်အဖွဲ့အစည်း၏ အကြမ်းဖက်လုပ်ရပ်များက အဆိုပါဒေသရှိ အသိုက်အဝန်းများအား ၎င်းတို့နေရပ်မှ စွန့်ခွာထွက်ပြေးရန် ခြိမ်းခြောက် တွန်းအားပေးခဲ့ခြင်းဖြစ်သည်။ ကော့ဇက်ဘဇားရှိ စခန်းများတွင် သတ်ဖြတ်မှုနှင့် အကြမ်းဖက်လှုပ်ရှားမှုပေါင်းများစွာ ဖြစ်ပွားလျက်ရှိသည်ကိုလည်း အသိအမှတ်ပြုရန် လိုအပ်သည်။ ထိုသို့သော အကြောင်းများကြောင့် အဆိုပါစခန်းများရှိ အသက်အန္တရာယ်ခြိမ်းခြောက်မှုများ တွေ့ကြုံခံစားနေရသည့် နေရပ်စွန့်ခွာသူများက နေရပ်သို့ပြန်ရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်ရန် တုံ့နှေးဝန်လေးနေကြခြင်း ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် တည်ဆဲဥပဒေနှင့် မြန်မာ-ဘင်္ဂလားဒေ့ရှ်အကြား နှစ်နိုင်ငံအစီအစဉ်များနှင့်အညီ ရခိုင်ပြည်နယ်မှ အမှန်တကယ် နေရပ်စွန့်ခွာသူများအဖြစ် အတည်ပြုနိုင်သူများကို စိစစ်လက်ခံရန် အဆင်သင့်ရှိသည်။ အခြားနိုင်ငံများနည်းတူ နိုင်ငံသားစိစစ်ရေးလုပ်ငန်းစဉ်မှတစ်ဆင့် ၁၉၈၂ ခုနှစ် မြန်မာနိုင်ငံသားဥပဒေနှင့်ကိုက်ညီသူများကို နိုင်ငံသားအဖြစ် ခွင့်ပြုလျက်ရှိသည်။ သို့သော် ဥပဒေအရလည်းကောင်း၊ သမိုင်းမှတ်တမ်းများအရလည်းကောင်း မည်သည့်အခါကမျှ မရှိခဲ့သော "ရိုဟင်ဂျာ"ဆိုသည့် အသုံးအနှုန်းကို အသိအမှတ်မပြုကြောင်း မြန်မာနိုင်ငံ၏ ရပ်တည်ချက်ကို ထပ်လောင်းဖော်ပြအပ်သည်။

ရခိုင်ပြည်နယ်အရေးကိစ္စကိုကြည့်လျှင် နိုင်ငံအချို့က ဓနအင်အားနှင့် မီဒီယာကို အသုံးချ၍ မြန်မာနိုင်ငံတွင် တည်ငြိမ်မှုမရှိစေရန် ပဋိပက္ခတစ်ခုလုံးကို ဖန်တီးခဲ့ခြင်းဖြစ်သည်။ လက်ရှိကျင်းပလျက်ရှိသော (၇၇)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံ တတိယကော်မတီတွင် အတည်ပြုခဲ့သည့် ဆုံးဖြတ်ချက်အဆိုသည် မြန်မာနိုင်ငံက ကြုံတွေ့နေရသည့် စိန်ခေါ်မှုများနှင့် ပြဿနာ၏ ရှုပ်ထွေးမှုများကို လျစ်လျူရှုလျက် နိုင်ငံရေးသွတ်သွင်းသည့် အဆိုသာဖြစ်ပြီး၊ မျှတမှု၊ ဓမ္မဓိဋ္ဌာန်ကျမှုနှင့် လက်တွေ့ကျမှုမရှိပါ။ အဆိုတွင် အကြမ်းဖက်မှုနှင့် ချိုးဖောက်မှုများကို ချက်ချင်းရပ်တန့်ရေး တောင်းဆိုထားသော်လည်း ကလေးသူငယ် ၁၀၀ ဦး ကျော်အပါအဝင် လက်နက်မဲ့အရပ်သား ၄၀၀၀ ကျော်တို့ကို သတ်ဖြတ်ခဲ့သည့် အကြမ်းဖက် NUG နှင့် PDF ဆိုသူတို့၏ အကြမ်းဖက်လုပ်ရပ်များကို ရှုတ်ချရန် ပျက်ကွက်ခဲ့သည်။ ယင်းဆုံးဖြတ်ချက်အဆိုတွင် အမုန်းစကားမြောက်သည့်အချက်များနှင့် နိုင်ငံအတွင်း မတူညီသော အသိုက်အဝန်းများအကြား အယူဝါဒကွဲပြားမှုနှင့် တင်းမာမှုများကို ပိုမိုမြင့်တက်စေနိုင်သည့်အချက်များ ပါဝင်သည်။ စိတ်ကူးယဉ်တီထွင်ဖန်တီးထားသော စွပ်စွဲချက်များပါဝင်သည့် ယင်းဆုံးဖြတ်ချက်အဆိုကို အတည်ပြုခြင်းဖြင့် မြန်မာနိုင်ငံအရေးကိစ္စအတွက် လက်တွေ့ကျသောအဖြေရှာဖွေရာတွင် မည်သို့မျှအထောက်အကူပြုနိုင်မည် မဟုတ်ပါ။

အဆိုပါ ဆုံးဖြတ်ချက်အဆိုကို အတည်ပြုရာတွင် ပါဝင်ပတ်သက်ခြင်းမရှိသော မိတ်ဆွေနိုင်ငံများကို မြန်မာနိုင်ငံက ကျေးဇူးတင်ရှိကြောင်း ဖော်ပြအပ်သည်။ တစ်ချိန်တည်းတွင် အချုပ်အခြာအာဏာပိုင်နိုင်ငံတစ်နိုင်ငံ၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်သည့် ဆုံးဖြတ်ချက်အဆိုပါ ထိပါးသော ဖော်ပြချက်များကို မြန်မာနိုင်ငံက လက်မခံနိုင်ပါ။ နိုင်ငံတစ်နိုင်ငံတည်းအပေါ် ပစ်မှတ်ထားချမှတ်သည့် ဆုံးဖြတ်ချက်အဆိုများအပေါ် ဆန့်ကျင်သည့် မြန်မာနိုင်ငံ၏ ခိုင်မြဲသောရပ်တည်ချက်အရလည်းကောင်း၊ ယခုအဆိုတွင် ပါဝင်သည့် သိမ်းကျုံးစွပ်စွဲချက်များအရ လည်းကောင်း၊ လက်သင့်ခံနိုင်ဖွယ်မရှိသည့် တောင်းဆိုချက်များအရလည်းကောင်း မြန်မာနိုင်ငံက ယခုဆုံးဖြတ်ချက်အဆိုကို လုံးဝပယ်ချ၍ ပါဝင်ပတ်သက်မှုမရှိကြောင်း ဖော်ပြအပ်သည်။ ထို့အပြင် လက်ရှိတွင် "NUG"ဆိုသည့် အကြမ်းဖက်အဖွဲ့ကို ကိုယ်စားပြုလျက်ရှိသော ကျော်မိုးထွန်း၏ ပါဝင်တက်ရောက်ခြင်း၊ မိန့်ခွန်းပြောကြားခြင်းနှင့် အခြားလုပ်ရပ်များကိုလည်း ခြွင်းချက်မရှိ ကန့်ကွက်ပယ်ချသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်။**

# အမေရိကန်က အသုံးချနေသည့် လူကုန်ကူးမှုအစီရင်ခံစာ

**မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့်ပတ်သက်၍ နိုင်ငံခြားအစိုးရများ၏ ကြိုးပမ်းအားထုတ်မှုအပေါ် အမေရိကန်သမ္မတ၏ အဆုံးအဖြတ်ကြေညာချက် (Presidential Determination No.2023-02) အား "Memorandum on Presidential Determination with Respect to the Efforts of Foreign Governments Regarding Trafficking in Persons" ခေါင်းစဉ်ဖြင့် အမေရိကန်သမ္မတအိမ်ဖြူတော်က ၁၄-၁၀-၂၀၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည်။**

ဇင်ငြိမ်း

ယင်းထုတ်ပြန်ချက်တွင် အမေရိကန်နိုင်ငံ၏ (၁၀၆) ကြိမ်မြောက်လွှတ်တော် (၁၉၉၉-၂၀၀၀) ၌ ဥပဒေပုဒ်မ H.R.3244 ဖြင့် ပြဋ္ဌာန်းခဲ့သည့် Vicims of Trafficking and Violence Preotection Act of 2000 ဥပဒေ၏ Section 110 (d) (1)(A)(i) အရ ပြဋ္ဌာန်းထားသည့် အနိမ့်ဆုံးစံနှုန်းများအတိုင်း (သို့မဟုတ်) စံနှုန်းများနှင့်အညီ လိုက်လျောညီထွေဖြစ်စေရန် ကြိုးပမ်းအားထုတ်မှုအနည်းဆုံးနိုင်ငံများအဖြစ် အာဖဂန်နစ္စတန်၊ မြန်မာ၊ ဂီနီဘစ်ဆော၊ အီရန်နှင့် တောင်ဆူဒန်နိုင်ငံများအား သတ်မှတ်ကာ ၎င်းနိုင်ငံများအား အမေရိကန်နိုင်ငံမှ ၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာနှင့် ကုန်သွယ်ရေးဆိုင်ရာမဟုတ်သော အကူအညီများကို ပေးအပ်မည်မဟုတ်ကြောင်း၊ ထို့အပြင် အနိမ့်ဆုံးစံနှုန်းများကိုလိုက်နာ၍ တာဝန်ရှိသူများ (သို့မဟုတ်) ဝန်ထမ်းများ၏ ပညာရေးနှင့် ယဉ်ကျေးမှုဖလှယ်ခြင်း အစီအစဉ်များတွင် ပါဝင်ခြင်းအတွက် ရန်ပုံငွေထောက်ပံ့မှုများ ပြုလုပ်ပေးမည်မဟုတ်ကြောင်း ဖော်ပြထားပါသည်။

အမေရိကန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် Trafficking in Persons Report 2022 တွင် Tier 3 အဆင့်သတ်မှတ်ထားသည့် နိုင်ငံ ၁၇ နိုင်ငံတွင် အာဖဂန်နစ္စတန်၊ အယ်လ်ဂျီးရီးယား၊ မြန်မာ၊ တရုတ်၊ ကိုမိုရော့စ်၊ ကျူးဘား၊ အီရီထရီးယား၊ အီရန်၊ နီကာရာဂွါ၊ မြောက်ကိုရီးယား၊ ရုရှား၊ တောင်ဆူဒန်၊ ဆီးရီးယား၊ တာ့ခ်မင်နစ္စတန်နှင့် ဗင်နီဇွဲလား၊ ဂီနီဘစ်ဆောနှင့် မလေးရှားတို့ ပါဝင်ပါသည်။ အစီရင်ခံစာသည် နိုင်ငံပေါင်း ၁၈၈ နိုင်ငံကို အကဲဖြတ်၍ လူကုန်ကူးမှုတိုက်ဖျက်ရေး နိုင်ငံအလိုက် ကြိုးပမ်းအားထုတ်မှုများအပေါ် အခြေခံ၍ အဆင့် လေးမျိုး သတ်မှတ်ထားသည်။ Tier 1 သည် အကောင်းဆုံးအဆင့်ဖြစ်ပြီး Tier 3 သည် အဆိုးဆုံးဖြစ်သည်။ အလယ်အဆင့်နှစ်ခုမှာ စောင့်ကြည့်ရမည့်စာရင်းဖြစ်ပြီး Tier 3 တွင် သတ်မှတ်ခံရသည့် နိုင်ငံများသည် ဒဏ်ခတ်ပိတ်ဆို့မှုများ ချမှတ်ခံရနိုင်ပြီး အမေရိကန်နှင့် နိုင်ငံတကာမှ နိုင်ငံခြားအကူအညီများ ရယူခွင့်ကို ကန့်သတ်ခံရနိုင်ပါသည်။

## အဆင့်သတ်မှတ်ခြင်း

ထို့အပြင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ၂၀၂၂ ခုနှစ်အတွက် လူကုန်ကူးမှုအစီရင်ခံစာတွင် မြန်မာနိုင်ငံအား လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် ပတ်သက်၍ အနိမ့်ဆုံးစံချိန်စံနှုန်းများကိုပင် ပြည့်မီခြင်းမရှိဘဲ အထူးကြိုးပမ်းမှုမရှိသည့်နိုင်ငံများစာရင်း Tier 3 တွင် အပြောင်းအလဲမရှိ ဆက်လက်ဖော်ပြထားသည်။ အမေရိကန်နိုင်ငံက မြန်မာနိုင်ငံကို Tier 3 အဖြစ် ၂၀၁၈ ခုနှစ်ကပင် သတ်မှတ်ခဲ့ခြင်းဖြစ်ပြီး ယခု ၂၀၂၂ ခုနှစ်နှင့်ဆိုပါက ငါးနှစ်ဆက်တိုက်ရှိပြီဖြစ်သည်။ Tier အဆင့်သတ်မှတ်ချက်များကို အောက်ပါအတိုင်း သတ်မှတ်ထားသည်ကို တွေ့ရပါသည်။

အဆင့် ၁ ။ လူကုန်ကူးခံရသူများ ကာကွယ်ရေးအက်ဥပဒေ (TVPA) ၏ အနိမ့်ဆုံးသော စံသတ်မှတ်ချက်များကို အပြည့်အဝလိုက်နာကျင့်သုံးသောနိုင်ငံများ၊

အဆင့် ၂ ။ လူကုန်ကူးခံရသူများ ကာကွယ်ရေးအက်ဥပဒေ (TVPA) ၏ အနိမ့်ဆုံးသော စံသတ်မှတ်ချက်များကို အပြည့်အဝလိုက်နာကျင့်သုံးခြင်း မရှိသေးသောလည်း ထိုစံသတ်မှတ်ချက်များကို လိုက်နာရန် သိသာထင်ရှားသော အင်အားစိုက်ထုတ်မှုများ ပြုနေသောနိုင်ငံများ၊

အဆင့် ၂ ။ စောင့်ကြည့်စာရင်း - လူကုန်ကူးခံရသူများ ကာကွယ်ရေးအက်ဥပဒေ (TVPA) ၏ အနိမ့်ဆုံးသော စံသတ်မှတ်ချက်များကို အပြည့်အဝ လိုက်နာကျင့်သုံးခြင်း မရှိသေးသော်လည်း ထိုစံသတ်မှတ်ချက်များကို လိုက်နာရန် သိသာထင်ရှားသော အင်အားစိုက်ထုတ်မှုများ ပြုနေသောနိုင်ငံများဖြစ်ပြီး

- ဆိုးရွားသောပုံစံဖြင့် လူကုန်ကူးမှုများကို ခံရသူများ၏ အရေအတွက် အပြည့်အဝမှာ သိသာထင်ရှားခြင်း သို့မဟုတ် သိသာထင်ရှားစွာ မြင့်တက်လာခြင်း၊
- ပြီးခဲ့သောနှစ်က ဆိုးရွားသော ပုံစံဖြင့် လူကုန်ကူးမှုများကို တိုက်ဖျက်ရန် ကြိုးစားအားထုတ်မှု တိုးတက်လာကြောင်း သို့မဟုတ်
- အနိမ့်ဆုံးသောစံသတ်မှတ်ချက်များကို အပြည့်အဝလိုက်နာကျင့်သုံးရန် သိသာထင်ရှားသော အင်အားစိုက်ထုတ်မှုများ ပြုလုပ်ရန် နိုင်ငံတစ်နိုင်ငံ၏ ဆုံးဖြတ်ချက်သည် ထိုနိုင်ငံ အခြေအနေဖြင့် နောင်နှစ်တွင် လုပ်ဆောင်သည့် အနာဂတ်ခြေလှမ်းများ အပေါ်တွင် အခြေခံသည်။

အဆင့် ၃ ။ လူကုန်ကူးခံရသူများ ကာကွယ်ရေး အက်ဥပဒေ (TVPA) ၏ အနိမ့်ဆုံးသော စံသတ်မှတ်ချက်များကို အပြည့်အဝလိုက်နာကျင့်သုံးခြင်း မရှိသေးသည့်အပြင် ထိုစံသတ်မှတ်ချက်များကို လိုက်နာရန် သိသာထင်ရှားသော အင်အားစိုက်ထုတ်မှုများ ပြုလုပ်ခြင်းလည်းမရှိသောနိုင်ငံများ။

လူကုန်ကူးမှုဆိုင်ရာ (TIP) အစီရင်ခံစာ သတ်မှတ်ချက်များကို ၂၀၀၀ ပြည့်နှစ် လူကုန်ကူးခံရသူများ ကာကွယ်ရေးဥပဒေ (Trafficking Victims Protection Act - TVPA) တွင် ဖော်ပြထားသော စံနှုန်းများနှင့် ကိုက်ညီမှုအပေါ်အခြေခံ၍ နိုင်ငံများကို အဆင့်များခွဲထားသည်ဆိုသော်လည်း အဆင့် ၃ သတ်မှတ်ထားသည့်နိုင်ငံအများစုသည် တိုက်ဆိုင်စွာပင် အမေရိကန်နိုင်ငံက နိုင်ငံရေးအရ ပစ်မှတ်ထားနေသည့်နိုင်ငံများဖြစ်သည်ကို တွေ့ရပါသည်။

> **ကမ္ဘာတွင် လူကုန်ကူးမှု သိသိသာသာဖြစ်ပွားနေသည့်နိုင်ငံများကို ထင်ရှားစွာတွေ့မြင်နေသော်လည်း Tier 3 တွင် ယင်းနိုင်ငံများ မပါဝင်လာခြင်းမှာ မရိုးသားမှုဖြစ်ပါသည်။ သို့ဖြစ်ရာ အမေရိကန်နိုင်ငံ၏ ၂၀၂၂ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အစီရင်ခံစာသည် သုံးသပ်အကဲဖြတ်ထားသည့်နိုင်ငံပေါင်း ၁၈၈ နိုင်ငံအား လွှမ်းခြုံကိုယ်စားပြုခြင်းမရှိဘဲ အမေရိကန်နိုင်ငံတစ်နိုင်ငံတည်း၏သဘောထားကို ကိုယ်စားပြုနေခြင်းသာဖြစ်သည်။ အမေရိကန်ကဲ့သို့သော ဒီမိုကရေစီနိုင်ငံကြီးတစ်နိုင်ငံက ရေမှုတ်တစ်ဖက် မီးစတစ်ဖက်ဖြင့် ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးအမြတ်ထုတ်ရန် ကြိုးစားနေသမျှ နိုင်ငံများအကြား တင်းမာမှုများ ပိုမိုမြင့်တက်လာနိုင်ပြီး ကမ္ဘာတစ်လွှား မငြိမ်းချမ်းမှုများ ဆက်လက်ဖြစ်နေဦးမည်**

## လူကုန်ကူးမှုသတ်မှတ်ချက်

လူကုန်ကူးမှုဆိုသည်ကို ပါလာမိုပရိုတိုကောလ် (Palermo Protocol) ၏ စာပိုဒ် (က)၊ အပိုဒ်ခွဲ (၃) အရ လူကုန်ကူးခြင်း၏ အပြည်ပြည်ဆိုင်ရာ အဓိပ္ပာယ်သတ်မှတ်ချက်မှာ "ခေါင်းပုံဖြတ်ရန် ရည်ရွယ်ချက်ဖြင့် လူပုဂ္ဂိုလ်တစ်ဦးအား ခြိမ်းခြောက်ခြင်း (သို့) အင်အားသုံးခြင်း (သို့) အခြားပုံစံဖြင့် အတင်းအကျပ် အနိုင်အထက်ပြုခြင်း၊ ဖြားယောင်းခေါ်ဆောင်ခြင်း၊ လိမ်လည်လှည့်ဖြားခြင်း၊ အာဏာအလွဲသုံးစားပြုခြင်း၊ ရပ်တည်ရန်ခက်ခဲသော အခြေအနေပေါ်တွင် အလွဲသုံးစားပြုခြင်း၊ ချုပ်ကိုင်နိုင်သူတစ်ဦးတစ်ယောက်၏ သဘောတူညီမှုရရှိရန် အကျိုးအမြတ်ပေးခြင်း (သို့မဟုတ်) ရယူခြင်းဖြင့် လူတစ်ဦးဦးအား သိမ်းသွင်းစုဆောင်းခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ လွှဲပြောင်းခြင်း၊ ခိုလှုံခွင့်ပေးခြင်း (သို့မဟုတ်) လက်ခံထားခြင်းတို့ကို ဆိုလိုသည်။ ခေါင်းပုံဖြတ်ခြင်းဟုဆိုရာတွင် အနည်းဆုံး ပြည့်တန်ဆာအဖြစ် ခိုင်းစေခြင်း၊ အခြားပုံစံဖြင့် လိင်မှုကိစ္စခေါင်းပုံဖြတ်ခြင်း၊ အဓမ္မစေခိုင်းခြင်း၊ ကျေးကျွန်သဖွယ်ပြုခြင်း (သို့မဟုတ်) ကျွန်ကဲ့သို့ အလုပ်လုပ်ရသောအခြေအနေ၊ ခန္ဓာကိုယ်အတွင်းမှ အင်္ဂါအစိတ်အပိုင်းများ ဖယ်ထုတ်ခံရခြင်းများ ပါဝင်သည်။

မြန်မာနိုင်ငံ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေ ၂၀၂၂၊ အခန်း (၁)၊ အပိုဒ် ၃ (က) တွင် လူကုန်ကူးမှုအဓိပ္ပာယ်ဖွင့်ဆိုပြဋ္ဌာန်းထားပါသည်။

## လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ဆောင်မှု

မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ၁၉၉၇ ခုနှစ်မှ စတင်သတ်မှတ်ခဲ့ပြီး ၂၀၀၂ ခုနှစ် ဇူလိုင်လ ၁၇ ရက်နေ့တွင် လူမှောင်ခိုတားဆီးကာကွယ်ရေးလုပ်ငန်းကော်မတီကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ၂၀၀၆ ခုနှစ်တွင် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကို ဖွဲ့စည်းပြီး လူကုန်ကူးမှုတားဆီးကာကွယ်ရေးနှင့် လူကုန်ကူးခံရသူများအား အကာအကွယ်ပေးရေးလုပ်ငန်းအဖွဲ့၊ ဥပဒေရေးရာနှင့် တရားစွဲဆိုရေးဆိုင်ရာ လုပ်ငန်းအဖွဲ့၊ လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖွဲ့တို့ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ထို့ပြင် ၂၀၀၄ ခုနှစ် ဇွန်လတွင် စတင်ဖွဲ့စည်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးအဖွဲ့ကို ၂၀၁၃ ခုနှစ် ဇန်နဝါရီလတွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်။

ဥပဒေရေးရာအရ ၂၀၀၅ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့တွင် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၂၂ ခုနှစ် ဇွန်လ ၁၆ ရက်နေ့တွင် ယခင်ဥပဒေအားပြင်ဆင်၍ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဥပဒေကို ပြဋ္ဌာန်းခဲ့ပါသည်။ မြန်မာနိုင်ငံသည် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေ ၂၀၀၅ အား ပြဋ္ဌာန်းပြီးနောက် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်းများ ချမှတ်ဆောင်ရွက်လျက်ရှိပါသည်။ လူကုန်ကူးမှုတိုက်ဖျက်ရေး ပထမစီမံကိန်းကို ၂၀၀၇ ခုနှစ်တွင် စတင်အကောင်အထည်ဖော်ခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ပြီးဆုံးခဲ့ပါသည်။ ဒုတိယ ငါးနှစ်စီမံကိန်းအား ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ အကောင်အထည်ဖော်ခဲ့ပြီး တတိယ ငါးနှစ်စီမံကိန်းကို ၂၀၁၇ ခုနှစ်မှ ၂၀၂၂ ခုနှစ်အထိ အကောင်အထည်ဖော်ခဲ့ပြီးဖြစ်သည်။ ယခုအခါ ၂၀၂၂-၂၀၂၆ ခုနှစ်အား စတုတ္ထငါးနှစ်စီမံကိန်းအဖြစ် သတ်မှတ်၍ အကောင်အထည်ဖော်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ၂၀၀၇ ခုနှစ်မှစ၍ လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ငါးနှစ်စီမံကိန်း သုံးကြိမ်ဆက်တိုက်အကောင်အထည်ဖော်ခဲ့ပြီး ယင်းအကောင်အထည်ဖော်မှုများမှတွေ့ရှိချက်၊ သုံးသပ်ချက်များကို မူတည်၍ မဟာဗျူဟာ (၃) ရပ်၊ နည်းဗျူဟာ (၄) ရပ်ချမှတ်၍ လုပ်ငန်းကဏ္ဍ (၄) ရပ်အောက်တွင် လုပ်ငန်းစဉ် (၈၄) ရပ် ထည့်သွင်းရေးဆွဲအတည်ပြုထားခဲ့ပြီးဖြစ်သည်။ ယခု ၂၀၂၂ ခုနှစ်အတွက် လူကုန်ကူးမှုတိုက်ဖျက်ရေး ရည်ရွယ်ချက်များတွင် (၁) လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်၍ နိုင်ငံသားအားလုံးပူးပေါင်းဆောင်ရွက်ရန်၊ (၂) လူကုန်ကူးမှုဆိုင်ရာအသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်၊ (၃) လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်ရန်၊ (၄) လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်တို့ကို ချမှတ်ထားပါသည်။

နိုင်ငံဖြတ်ကျော်ဖြစ်ပွားသည့် လူကုန်ကူးမှုများ ကာကွယ်တားဆီးရန်အတွက် နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံသည် ထိုင်း၊ တရုတ်၊ အိန္ဒိယနိုင်ငံများနှင့် လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေး နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးထားပြီး ဖြစ်သည်။ ထို့အပြင် နိုင်ငံတကာအဖွဲ့အစည်းများနှင့်လည်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ **စာမျက်နှာ ၇ သို့** ○

**❖ မြန်မာ–ကိုရီးယားမှ**

ရန်ကုန်ဘက်ခြမ်းတွင် ဆင်ခြေလျှောတံတား နှစ်စင်းနှင့် ချဉ်းကပ်တံတား(နှစ်လမ်းသွား)တစ်စင်း ပါဝင်တည်ဆောက်မည်ဖြစ်ရာ ဒလဘက်မှလာလျှင် ကမ်းနားလမ်းအတိုင်း ယာဘက်ကိုချိုး၍ လမ်း ၂၀ ထိ အဆင်းလမ်းဆင်ခြေလျှော (A) တံတားတစ်စင်းနှင့် အလုံမြို့နယ်ဘက်မှ ကမ်းနားလမ်းအတိုင်း ယာဘက်ကိုချိုး၍ ပင်မတံတားပေါ်သို့တက်မည့်အတက်လမ်း ဆင်ခြေလျှော (B) တံတားတစ်စင်းပါဝင်ကြောင်း၊ ပင်မတံတား (လေးလမ်းသွား)မှာ အသွားနှစ်လမ်း၊ အပြန်နှစ်လမ်းပါဝင်ပြီး ပင်မတံတားပေါ်မှတစ်ဆင့် ရန်ကုန်ဘက်ခြမ်း ဘုန်းကြီးလမ်း (နှစ်လမ်းသွား) အတိုင်းတက်၍ သရက်တောကျောင်းတိုက်အနီးအထိ လည်းကောင်း၊ ဒလဘက်ခြမ်းတွင် အသွားနှစ်လမ်း၊ အပြန်နှစ်လမ်းပါဝင်သော ဗိုလ်မင်းရောင်လမ်း (လေးလမ်းသွား)အထိလည်းကောင်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ သံမဏိကြိုးဆိုင်းတံတားများတွင် အကြီးဆုံးနှင့်အရှည်ဆုံးတံတားဖြစ်သော မြန်မာ – ကိုရီးယား ချစ်ကြည်ရေး (ဒလ)မြစ်ကူးတံတားသည် ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်ကိုယ်ထည် အပေါ်တွင် သံမဏိကြိုးဆိုင်းတံတား အမျိုးအစားဖြစ်ပြီး တံတားအရှည်စုစုပေါင်း ၆၁၂၈ ပေ၊ ပင်မတံတားအရှည် ၂၂၆၄ ပေ၊ ရန်ကုန်ဘက်ခြမ်း ချဉ်းကပ်တံတားအရှည် ၁၈၉၁ ပေ၊ ချဉ်းကပ်တံတားအကျယ် (နှစ်လမ်းသွား) ၄၇ ပေ၊ ဒလဘက်ခြမ်း ချဉ်းကပ်တံတားအရှည် ၁၉၇၂ ပေ၊ ချဉ်းကပ်တံတားအကျယ် (လေးလမ်းသွား) ၈၇ ပေ၊ ရန်ကုန်ဘက်ခြမ်း ဆင်ခြေလျှောတံတားများအကျယ် (တစ်လမ်းသွား) ၂၃ ပေ၊ ရေလမ်းကင်းလွတ်အမြင့် ပေ ၁၆၀ ၊အကျယ် ၉၈၈ ပေ၊ တံတားခံနိုင်ဝန် (ခွင့်ပြုယာဉ်အလေးချိန်)မှာ ယာဉ်တစ်စီးချင်း ၇၅ တန်ဖြစ်ကြောင်း သိရသည်။

**ဆောင်ရွက်ပြီးစီး**

လက်ရှိအနေအထားအရ ဒလဘက်ခြမ်းရှိ PY1 နှင့် ရန်ကုန်ဘက်ခြမ်းရှိ PY2 တို့၏ ဘိုးပိုင်တူးဖော်ခြင်း လုပ်ငန်းများနှင့် ပိုင်တိုင်ထိပ်အုပ်(Pile Cap) လုပ်ငန်းများ အလုံးစုံဆောင်ရွက်ပြီးစီးသွားပြီဖြစ်ပြီး ဒလဘက်ခြမ်းရှိ ပင်မတံတား PY1 အတွက် ရေလယ်တိုင်



မြန်မာ– ကိုရီးယား ချစ်ကြည်ရေး (ဒလ) မြစ်ကူးတံတား၏ ရေလယ်တိုင်တည်ဆောက်ရေး လုပ်ငန်းခွင်ကို တွေ့ရစဉ်။

လုပ်ငန်းဖြစ်သော Shaft တိုင်ဆောင်ရွက်ခြင်း လုပ်ငန်းမှာ တိုင်အောက်ခြေမှအမြင့် ၂၄ မီတာထိ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ ဒလဘက်ခြမ်း ချဉ်းကပ်တံတား ရက်မတင်ရန် ၁၄ ခန်းရှိသည့်အနက် ရက်မတင်ခြင်း လုပ်ငန်း ငါးခန်းဆောင်ရွက်ပြီးစီးသွားပြီဖြစ်ရာ ရက်မအခန်း ၆ နှင့် ၇ ကို ဒီဇင်ဘာလအတွင်း လွန်းထိုးခြင်း နည်းပညာဖြင့် လွန်းထိုး၍ ဆက်တင်သွားမည်ဖြစ်သောကြောင့် ၂၀၂၃ ဧပြီလကုန်ပိုင်းတွင် ရက်မတင်ခြင်းလုပ်ငန်း အလုံးစုံအပါအဝင် ဒလဘက်ခြမ်း ချဉ်းကပ်တံတားတည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးရန်လျာထားကြောင်း သိရသည်။

ရန်ကုန်ဘက်ခြမ်းရှိ ပင်မတံတား PY2 အတွက် ရေလယ်တိုင်လုပ်ငန်းဖြစ်သော Shaft တိုင် ဆောင်ရွက်ခြင်းလုပ်ငန်းမှာ တိုင်အောက်ခြေမှ အမြင့် ရှစ်မီတာအထိ ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး ဘုန်းကြီးလမ်းတစ်လျှောက်ရှိ ချဉ်းကပ်တံတားအတွက် ရက်မတင်ခြင်းလုပ်ငန်းများမှာလည်း အလုံးစုံ ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကာ သံကူကွန်ကရစ် ကြမ်းခင်းခုနစ်ခန်း သွန်းလောင်းပြီးဖြစ်ကြောင်း သိရသည်။

အဆိုပါ မြန်မာ – ကိုရီးယား ချစ်ကြည်ရေး (ဒလ)တံတားတည်ဆောက်ရေးစီမံကိန်းအတွက် ပြီးခဲ့သည့် ၂၀၁၉ ခုနှစ် မေလက လုပ်ငန်းများစတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီးလာမည့် ၂၀၂၄ ခုနှစ် နှစ်ဆန်းပိုင်း၌ တံတားသစ်တည်ဆောက်ပြီးစီးရန် ခန့်မှန်းလျာထားကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာနမှ သိရသည်။

**သတင်း – ပွင့်သစ္စာ**
**ဓာတ်ပုံ – စိုးမြင့်အောင်**



မြန်မာ– ကိုရီးယား ချစ်ကြည်ရေး (ဒလ) မြစ်ကူးတံတား၏ ဒလဘက်ခြမ်းတည်ဆောက်ရေး လုပ်ငန်းခွင်ကို တွေ့ရစဉ်။

---

❍ စာမျက်နှာ ၆ မှ

**မြန်မာနိုင်ငံအပေါ်အကြောင်းပြချက်**

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်လျက်ရှိသော်လည်း အမေရိကန်နိုင်ငံက ၂၀၂၂ ခုနှစ်အတွက် ထုတ်ပြန်သည့် လူကုန်ကူးမှုဆိုင်ရာ အစီရင်ခံစာတွင် မြန်မာနိုင်ငံအား Tier 3 သတ်မှတ်ခဲ့သည်။ မြန်မာနိုင်ငံသည် ကလေးငယ်များအပါအဝင် အရပ်သားများအား အတင်းအဓမ္မလုပ်အားပေးခိုင်းစေမှု၊ လူကုန်ကူးမှုတိုက်ဖျက်ရေးအတွက် လုံလောက်သော ကြိုးပမ်းအားထုတ်မှု၊ နိုင်ငံရေးအခြေအနေနှင့် စီးပွားရေးအခြေအနေများကြောင့် အလုပ်အကိုင်ဆုံးရှုံးရမှုများ၊ အခြားနိုင်ငံများသို့ ထွက်ခွာသွားမှုများ၊ တရားဥပဒေစိုးမိုးရေး၊ ဘင်္ဂါလီနှင့် အခြားလူနည်းစုတိုင်းရင်းသားကိစ္စများတွင် လုံလောက်သော ကြိုးပမ်းအားထုတ်မှုမရှိသည့်အတွက် အဆင့်လျှော့ချထားကြောင်း အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကင်က ပြောကြားခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် လူကုန်ကူးမှုတိုက်ဖျက်ရေးလုပ်ငန်းများ လုပ်ဆောင်လျက်ရှိသော်လည်း အခက်အခဲများနှင့် စိန်ခေါ်မှုများ ရှိနေသည်မှာ မှန်သော်လည်း ယင်းအစီရင်ခံစာအတွက် မြန်မာနိုင်ငံဆိုင်ရာ ကိုးကားသည့်သတင်းအချက်အလက်များသည် အစိုးရအားဆန့်ကျင်နေသည့် အဖွဲ့အစည်းများ၊ အကြမ်းဖက်အဖွဲ့အစည်းများ၊ တရားမဝင်အဖွဲ့အစည်းများမှပေးပို့သည့် အချက်အလက်များအပေါ် တစ်ဖက်သတ်အခြေခံပြုစုထားသည်ကို တွေ့ရသည်။ ထို့အပြင် ယင်းအစီရင်ခံစာတွင် မြန်မာနိုင်ငံအတွင်း နိုင်ငံရေး၊ စီးပွားရေး၊ လုံခြုံရေး မတည်မငြိမ်ဖြစ်စေရန်နှင့် အလုံးစုံပျက်စီးစေရန် မြန်မာ့ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်နေကြသည့် အမေရိကန်နိုင်ငံကဲ့သို့သော နိုင်ငံများနှင့် နိုင်ငံတကာအဖွဲ့အစည်းများကြောင့် ဖြစ်ပွားလာသည့် အကျိုးဆက်များကို ဖော်ပြမထားသည်ကို တွေ့ရပါသည်။

**ဘင်္ဂါလီများအရေး**

အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအား ဖိအားပေးသည့်အခါတိုင်း အဓိကအသုံးပြုသည့် အကြောင်းပြချက်များထဲတွင် ဘင်္ဂါလီကိစ္စမှာ ထိပ်တန်းမှပါဝင်မြဲဖြစ်သည်။ ယခုလည်း မြန်မာနိုင်ငံ လူကုန်ကူးမှုတိုက်ဖျက်ရေး အနည်းဆုံးအဆင့် သတ်မှတ်ရာတွင် ဘင်္ဂါလီများကိစ္စ ထည့်သွင်းထားပြန်ပါသည်။ ထို့အပြင် အမေရိကန်နိုင်ငံက မြန်မာနိုင်ငံအား Tier 3 စတင်သတ်မှတ်ခဲ့သည့် ၂၀၁၈ ခုနှစ်သည် မြန်မာနိုင်ငံအတွင်း ဘင်္ဂါလီကိစ္စ ပြင်းထန်နေချိန်နှင့် တိုက်ဆိုင်စွာ သတ်မှတ်ခဲ့ခြင်းမှာ မြန်မာနိုင်ငံအပေါ် အရေးယူပိတ်ဆို့မှုများ ပြုလုပ်ရန် ရည်ရွယ်ချက်ပင်ဖြစ်သည်။ ယင်းကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံအား ဘက်ပေါင်းစုံမှဖိအားပေးရန်အတွက် ကမ္ဘာ့ကုလသမဂ္ဂအပါအဝင် နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများ၊ OIC ကဲ့သို့သော အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ အမေရိကန်နိုင်ငံ၏ အစိုးရယန္တရားများကို အသုံးပြုခဲ့သည်။ ယနေ့ထက်တိုင်လည်း အသုံးပြုနေဆဲဖြစ်ပြီး မြန်မာနိုင်ငံမှ ဆန့်ကျင်ဘက်အဖွဲ့အစည်းများ၊ အကြမ်းဖက်အဖွဲ့အစည်းများနှင့် လက်နက်ကိုင်အဖွဲ့များကို အမေရိကန်နိုင်ငံက နောက်ကွယ်မှ ပံ့ပိုးကူညီနေပြီး မြန်မာနိုင်ငံအတွင်း မတည်မငြိမ်ဖြစ်ရန် လုပ်ဆောင်နေပါသည်။ အမေရိကန်နိုင်ငံသည် မည်သို့ပင် လူ့အခွင့်အရေးများ၊ ဒီမိုကရေစီနှင့် လူသားချင်းစာနာထောက်ထားမှုများ ကျယ်လောင်စွာပြောနေစေကာမူ နောက်ကွယ်တွင် အယ်လ်ခိုင်ဒါကဲ့သို့သော ကမ္ဘာ့အကြီးဆုံး အကြမ်းဖက်အဖွဲ့အစည်းကြီးကို မွေးထုတ်မြေတောင်မြှောက်ပေးခဲ့သည်မှာ လက်တွေ့ပင်ဖြစ်သည်။

**နိုင်ငံရေးလက်နက်**

အမေရိကန်နိုင်ငံ၏ လူကုန်ကူးမှုအစီရင်ခံစာသည် နိုင်ငံအလိုက်သတ်မှတ်ချက်များနှင့် လက်တွေ့ကျမှုရှိ/မရှိနှင့် ရိုးသားမှု ရှိ/မရှိ ဆိုသည်မှာ စဉ်းစားစရာဖြစ်ပါသည်။ လူကုန်ကူးမှုသည် လူ့အခွင့်အရေးဆိုင်ရာ ကိစ္စရပ်တစ်ခုဖြစ်သည့်အတွက် နိုင်ငံတိုင်း၊ လူ့အဖွဲ့အစည်းတိုင်းအနေဖြင့် လုပ်ဆောင်ရမည့် ကိစ္စရပ်ဖြစ်ပါသည်။ သို့သော်လည်း အမေရိကန်နိုင်ငံက အဆင့်သတ်မှတ်ရာတွင် ယင်းနိုင်ငံများအပေါ် နိုင်ငံရေးပယောဂနှင့် ၎င်း၏ အကျိုးစီးပွားကင်းရှင်းမှု ရှိ/မရှိ ဆိုသည်မှာ သံသယဖြစ်ဖွယ်ရှိပါသည်။

ယခု ၂၀၂၂ ခုနှစ်အတွက် ကြိုးစားအားထုတ်မှု အနည်းဆုံးနိုင်ငံများစာရင်းတွင်ပါဝင်သည့် နိုင်ငံများသည် တိုက်ဆိုင်စွာပင် အမေရိကန် ဝင်ရောက်စွက်ဖက်နေဆဲနိုင်ငံများဖြစ်နေသည်ကို ကြည့်ခြင်းအားဖြင့် အမေရိကန်၏ ဦးတည်ချက်အမှန်ကို တွေ့ရမည်ဖြစ်ပါသည်။ ထိုစာရင်းတွင် လောလောလတ်လတ် အမေရိကန်နှင့် တင်းမာမှုဖြစ်ပွားနေသည့် ရုရှားနိုင်ငံကိုလည်း Tier 3 တွင် ထည့်သွင်းထားပါသည်။

မြန်မာနိုင်ငံနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံအစိုးရအား ဆန့်ကျင်နေသည့် အဖွဲ့အစည်းများနှင့် အကြမ်းဖက်အဖွဲ့အစည်းများထံမှ သတင်းနှင့် အချက်အလက်များဖြင့် သုံးသပ်ဖော်ပြကာ အမေရိကန်အလိုကျ အဆင့်သတ်မှတ်ထားပါသည်။ ထိုသို့သတ်မှတ်လိုက်ခြင်းဖြင့် Tier 3 အဆင့်သို့ရောက်ရှိနေသည့်နိုင်ငံများအပေါ် အမေရိကန်က ဒဏ်ခတ်ပိတ်ဆို့ခြင်း၊ အမေရိကန်နှင့် နိုင်ငံတကာမှ နိုင်ငံခြားအကူအညီများ ရယူခွင့်ကို ကန့်သတ်ခြင်းများ ပြုလုပ်မည်ဖြစ်သည်။

မြန်မာနိုင်ငံအားလည်း ထိုသို့အရေးယူမှုများ ပြုလုပ်မည်ဟု ထုတ်ပြန်ထားပါသည်။ အမေရိကန်၏ အဓိကလိုရင်းဦးတည်ချက်မှာ ယင်းအချက်ပင်ဖြစ်သည်။ ၎င်း၏အဓိကပစ်မှတ်နိုင်ငံများကို အရေးယူပိတ်ဆို့မှုများပြုလုပ်၍ ဖိအားပေးနိုင်ရန်အတွက် ယခုလူကုန်ကူးမှုအစီရင်ခံစာအား အသုံးချခြင်းပင်ဖြစ်ပါသည်။

ထို့အပြင် ကမ္ဘာတွင် လူကုန်ကူးမှုသိသိသာသာဖြစ်ပွားနေသည့်နိုင်ငံများကို ထင်ရှားစွာတွေ့မြင်နေသော်လည်း Tier 3 တွင် ယင်းနိုင်ငံများ မပါဝင်လာခြင်းမှာ မရိုးသားမှုဖြစ်ပါသည်။ သို့ဖြစ်ရာ အမေရိကန်နိုင်ငံ၏ ၂၀၂၂ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အစီရင်ခံစာသည် သုံးသပ်အကဲဖြတ်ထားသည့် နိုင်ငံပေါင်း ၁၈၈ နိုင်ငံအား လွှမ်းခြုံကိုယ်စားပြုခြင်းမရှိဘဲ အမေရိကန်နိုင်ငံတစ်နိုင်ငံတည်း၏ သဘောထားကို ကိုယ်စားပြုနေခြင်းသာဖြစ်သည်။ အမေရိကန်ကဲ့သို့သော ဒီမိုကရေစီနိုင်ငံကြီးတစ်နိုင်ငံက ရေမှုတ်တစ်ဖက် မီးစတစ်ဖက်ဖြင့် ကမ္ဘာ့နိုင်ငံရေး၊ စီးပွားရေးအမြတ်ထုတ်ရန် ကြိုးစားနေသမျှ နိုင်ငံများအကြား တင်းမာမှုများ ပိုမိုမြင့်တက်လာနိုင်ပြီး ကမ္ဘာတစ်လွှား မငြိမ်းချမ်းမှုများ ဆက်လက်ဖြစ်နေဦးမည်ဖြစ်ပါသည်။

**ကိုးကား**

**Trafficking in Persons Report, Department of States, United States of America, July 2022**

■

# ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် လားရှိုးမြို့ မြို့တော်ခန်းမဥ္စကျင်းပရာ အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦး၊ "ဝ" ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းဥက္ကဋ္ဌ ဦးညီနပ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးတာသိန်းဇော်၊ ရှမ်းပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲဥက္ကဋ္ဌ ဦးမျိုးအောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒေသခံတိုင်းရင်းသားယဉ်ကျေးမှုအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က ယခုနိုင်ငံတော်အစိုးရ တာဝန်ယူစဉ်ကာလတွင် ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းကို စီမံချက်ရေးဆွဲဆောင်ရွက်ခဲ့ပါကြောင်း၊ ပန်းခင်းစီမံချက်သည် နောင်ကျင်းပမည့် ရွေးကောက်ပွဲတွင် မဲပေးပိုင်ခွင့်ရှိသူနိုင်ငံသားတိုင်း ၎င်းတို့၏ နိုင်ငံသားဖြစ်မှု အရည်အချင်းအရ ကိုင်ဆောင်သင့်သည့် ကတ်ပြားတစ်မျိုးမျိုး ကိုင်ဆောင်မဲပေးနိုင်ရေး ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် မဲပေးပိုင်ခွင့်ရှိသူ ၃ ဒသမ ၄ သန်းကျော်ကို လုပ်ငန်းကာလ ၁၈ လတာ သတ်မှတ်ကာလဆောင်ရွက်ခဲ့ရာ ပြီးခဲ့သည့် နိုဝင်ဘာ ၃ ရက်တွင် စီမံချက်ကာလပြည့်ပြီးဖြစ်သော်လည်း နယ်မြေဒေသလုံခြုံရေးအခြေအနေအရ လည်းကောင်း၊ ထပ်မံ၍ အသက် ၁၈ နှစ်ပြည့်ပြီးသူများ ရှိလာ၍လည်းကောင်း၊ နိုင်ငံသားကတ်ထုတ်ပေးရန် ကျန်ရှိနေသူများအတွက် ပန်းခင်းစီမံချက်အဆင့်(၂) ဆက်လက်ဆောင်ရွက်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း။

ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင်လည်း "ဝ" အထူးဒေသမှလွဲ၍ ကျန်မြို့နယ်များတွင် သတ်မှတ်လျာထားချက် ပြည့်မီအောင်ဆောင်ရွက်ပြီးဖြစ်ရာ ဆောင်ရွက်ရန် ကျန်ရှိသည့် "ဝ" အထူးဒေသကို မကြာမီကာလတွင် ပန်းခင်းစီမံချက် အဆင့်(၂)ဖြင့် ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခု ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မြို့နယ် ကိုးမြို့နယ်၌ ထပ်မံဆောင်ရွက်ပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်တို့ကို ကာယကံရှင်ပြည်သူများလက်ဝယ်သို့ ပေးအပ်ခြင်းဖြစ်ပါကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားသည် နိုင်ငံသားတစ်ဦးအတွက် နိုင်ငံသားအခွင့်အရေး အပြည့်အဝရရှိနိုင်သည့် အထောက်အထားတစ်ခုဖြစ်ပါကြောင်း၊ နိုင်ငံသားကတ်သည် နိုင်ငံသားတစ်ဦးအတွက် လူမှုဘဝဆောင်ရွက်မှုတိုင်း၌ မရှိမဖြစ်လိုအပ်ပြီး ၎င်း၏ အသုံးဝင်တန်ဖိုးကို သိရှိနားလည်ကာ စနစ်တကျကိုင်တွယ်ထိန်းသိမ်းကြရန် လိုအပ်ပါကြောင်း၊ နိုင်ငံသားကတ်ရရှိသည့် နိုင်ငံသားတစ်ဦးအနေဖြင့်လည်း နိုင်ငံသားတစ်ယောက်၏ တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြရန်နှင့် မိမိတို့ ရပ်ရွာ/မြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်တပ်တစ်အား ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပါကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ပန်းခင်းစီမံချက်ဖြင့် ဆောင်ရွက်ပြီးဖြစ်သော အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို ပြည်ထောင်စုဝန်ကြီး၊ တိုင်းမှူး၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက မြို့နယ်အလိုက် ဒေသခံတိုင်းရင်းသားကိုယ်စားလှယ်များထံ ပေးအပ်ကြသည်။

အဆိုပါ အခမ်းအနားတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်း ပန်းခင်းစီမံချက်ဖြင့် လားရှိုး၊ သိန္နီ၊ ကွမ်းလုံ၊ ကျောက်မဲ၊ သီပေါ၊ နောင်ချို၊ တန့်ယန်း၊ မိုင်းရယ်နှင့် ကွတ်ခိုင် စသည့်မြို့နယ် ကိုးမြို့နယ်ရှိ ဒေသခံတိုင်းရင်းသားများအား အိမ်ထောင်စု လူဦးရေစာရင်း ၃၀ နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား စုစုပေါင်း ၁၃၆၂ ကတ်တို့ကို ထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မကွေးမြို့ ကန်သာကန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းနှင့် မြို့ပြလမ်း၊ တံတား ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

**မကွေး နိုဝင်ဘာ ၁၈**

မကွေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် ကန်သာကန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို ၂၀၂၂ ခုနှစ် ဇူလိုင်လမှ စတင်ကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ၇၅ ရာခိုင်နှုန်း လုပ်ငန်းဆောင်ရွက်ပြီးစီးပြီဖြစ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက အဆိုပါလုပ်ငန်းခွင်သို့ သွားရောက်၍ ကြည့်ရှုစစ်ဆေးသည်။

**ရှင်းလင်းတင်ပြ**

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့အား တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက မကွေးမြို့ ကန်သာကန်သည် ယခင်က မြေသားရေလှောင်ကန်ဖြစ်ပြီး ပြည်သူများ အသွားအလာများသည့် နေရာတစ်ခုဖြစ်ကာ ပြည်သူများ စိတ်လက်ပေါ့ပါးစွာ အပန်းဖြေအနားယူရန်နှင့် ကျန်းမာရေးပြုလုပ်နိုင်ရန်အတွက် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုပ်ငန်း၏ ၇၅ ရာခိုင်နှုန်း ပြီးစီးဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြခဲ့မှုအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က ကန်သာကန်အား လှည့်လည်ကြည့်ရှုကာ လိုအပ်သည်များ မှာကြားဆောင်ရွက်ခဲ့သည်။

ကန်သာကန်သည် ဧက ၂၀ ခန့် ကျယ်ဝန်းပြီး တောင်-မြောက်အရှည် ပေ ၁၃၀၀ နှင့် အရှေ့-အနောက် အရှည်ပေ ၇၀၀ ခန့်ရှိသည်။ ကန်သာကန် အဆင့်မြှင့်တင်ခြင်းလုပ်ငန်းအနေဖြင့် ပြည်သူများ၏ လိုအပ်ချက်ကို ဖြည့်ဆည်းပေးသည့် အများပြည်သူနှင့် သက်ဆိုင်သော အကျိုးပြုလုပ်ငန်းတစ်ခုဖြစ်ကာ ပြည်သူများ ကျန်းမာရေးအတွက် ကိုယ်လက်လှုပ်ရှားမှုများ ဆောင်ရွက်နိုင်ခြင်း၊ မိသားစုများ အပန်းဖြေအနားယူနိုင်ရန် ထိုင်ခုံများ စီစဉ်ထားရှိခြင်း၊ စိတ်လက်ပေါ့ပါးစွာ လမ်းလျှောက်နိုင်ခြင်းတို့ ဆောင်ရွက်နိုင်မည်ဖြစ်ကြောင်းနှင့် ကန်သာကန် စိမ်းလန်းစိုပြည်လှပစေရေးအတွက် ရေပန်းမီးအလှများဖြင့် စီစဉ်ထားရှိပြီး အရိပ်ရပင်များ၊ ပန်းအလှ၊ မြက်အလှပင်များ အလှဆင်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုစစ်ဆေး**

ထိုမှတစ်ဆင့် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် မကွေးမြို့နယ် စည်ပင်သာယာရေးအဖွဲ့က ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွင်း မြို့ပြလမ်း၊ တံတား ရေစီးရေလာကောင်းမွန်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်သည့် မကွေးမြို့ ဗိုလ်မင်းရောင်လမ်း(တောင်တွင်းလမ်းနှင့် အောင်စေတနာ(၅)လမ်းကြား)၊ (အောင်စေတနာ(၅)လမ်းနှင့် ဗိုလ်လက်ျာလမ်းကြား) ကွန်ကရစ်ခင်းခြင်းနှင့် ခွာညိုလမ်း(အထက(၁)လမ်းနှင့် ရန်မျိုးနိုင်(၃)လမ်းကြား) ကတ္တရာခင်းခြင်းနှင့် လမ်းသားချဲ့ အဆင့်မြှင့်တင်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

# အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး ကျောင်းသားလူငယ် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်များ ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၈**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ အဂတိလိုက်စားမှုနှင့်ပတ်သက်၍ အသိပညာရရှိစေရန်၊ အဂတိလိုက်စားမှုကို တွန်းလှန်တိုက်ဖျက်လိုစိတ်ရှိသည့် လူ့အဖွဲ့အစည်းဖြစ်တည်လာစေရန်၊ အများအကျိုးဆောင်ရွက်ခြင်းနှင့် ကိုယ်ကျိုးရှာခြင်းတို့ကြား ခွဲခြားတွေးတောသည့်အခြေခံစဉ်းစားတွေးခေါ်မှု မှန်ကန်စေရန်အတွက် ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေး အစီအစဉ်များကို ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာအဆင့် (မူလတန်းနှင့် အလယ်တန်း) အဆင့်များမှစတင်၍ အသိပညာပေးအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ် အထက(တောင်ညို)၌ မူလတန်းအဆင့်နှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူများကို ကော်မရှင်မှ ထုတ်ဝေဖြန့်ချိခဲ့သည့်ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေး ပညာပေးအစီအစဉ်(ဆရာကိုင်) စာအုပ်များမှ သင်ခန်းစာနှင့် ပညာပေးအစီအစဉ်ပါအကြောင်းအရာများကို ဖော်ပြဆွေးနွေးဆောင်ရွက်ခဲ့ရာ မူလတန်းအဆင့်မှ ကျောင်းသားကျောင်းသူ ၆၀ နှင့် အလယ်တန်းအဆင့်မှ ကျောင်းသားကျောင်းသူ ၆၀ တက်ရောက်ပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းတည်နှင့် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ လိုက်ပါကြီးကြပ်စစ်ဆေးပြီး အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ သိမှတ်ဖွယ်ရာစာအုပ်များ၊ လက်ကမ်းစာစောင်များနှင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးအမှတ်တံဆိပ်ပါ လက်ဆောင်ပစ္စည်းများပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# စက်မှုဝန်ကြီးဌာန၏ ညှိနှိုင်းအစည်းအဝေးနှင့် မိတ်ဆုံစားပွဲကျင်းပ

နေပြည်တော် နိုဝင်ဘာ ၁၈

စက်မှုဝန်ကြီးဌာန၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အောက်တိုဘာလ၌ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ခဲ့မှုကို ပြန်လည်သုံးသပ်ခြင်းနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအမံများ ချမှတ်သည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက စက်မှုဝန်ကြီးဌာန ရုံးအမှတ်(၃၀) အစည်းအဝေးခန်းမ၌ ကျင်းပရာ စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း၊ ဒုတိယဝန်ကြီး ဦးရင်မောင်ညွန့်၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဝန်ကြီးဌာန၏ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် သတ်မှတ်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ အမိန့်ညွှန်ကြားချက်များနှင့်အညီ တစ်သဝေမတိမ်း တိတိကျကျ လိုက်နာဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဌာနပိုင်မြေ၊ အဆောက်အအုံ၊ စက်ပစ္စည်း စသည်တို့ကို ပျက်စီးဆုံးရှုံးမှုမရှိစေရေး အလေးထားကြပ်မတ် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် ပေးအပ်လာသည့် လုပ်ငန်းတာဝန်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရေးကို ရှေးရှုပြီး ရဲဘော်စိတ်ဖြင့် အောင်မြင်အောင် ဆောင်ရွက်ကြရန်၊ ဌာန၌ ချမှတ်ပြဋ္ဌာန်းထားသည့် မူဝါဒ၊ လုပ်ငန်းစဉ်၊ မျှော်မှန်းချက်၊ ရည်မှန်းချက်တို့ကို ကျောရိုးပြု၍ လုပ်ငန်းတာဝန်များကို မျက်ခြည်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရရှိသည့်အချိန်များကို အကျိုးရှိရှိ အသုံးပြုနိုင်ရေးအတွက် လုပ်ငန်းတာဝန်များကို အစီအမံများ ရေးဆွဲဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ စာရင်းအင်းများကို စနစ်တကျ ကိုင်တွယ်ထိန်းသိမ်းပေးနိုင်ရေးအတွက် ဝန်ထမ်းများအား လေ့ကျင့်ထားရမည်ဖြစ်ကြောင်း မှာကြားသည်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ဝန်ထမ်းများနှင့် နေ့လယ်စာ အတူတကွသုံးဆောင်စဉ်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးရုံးရှိ ဌာနခွဲအသီးသီးမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အောက်တိုဘာလတွင် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့မှုနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့်အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်ရာတွင် အားနည်းချက်များနှင့်ပတ်သက်၍ ချက်ချင်းပြုပြင်ဖြည့်ဆည်းဆောင်ရွက်သွားရန်နှင့် ဌာနအချင်းချင်း စည်းလုံးညီညွတ်စွာဖြင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များသည် ဝန်ထမ်းများနှင့် ယခုထက် ပိုမိုနွေးထွေးသည့် ဆက်ဆံမှုရှိစေရန်၊ မိသားစုစိတ်ဓာတ်ဖြင့် လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ထမ်းဆောင်နိုင်စေရန်အတွက် နေ့လယ်စာ အတူတကွသုံးဆောင်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# တိုင်းဒေသကြီးအတွင်း မဲစာရင်းများမှန်ကန်ရေးအတွက် မြေပြင်စာရင်းကောက်ယူနိုင်ရေး ညှိနှိုင်းအစည်းအဝေးကျင်းပ

မုံရွာ နိုဝင်ဘာ ၁၈

နိုင်ငံတစ်နိုင်ငံအနေဖြင့် ပြည်သူလူထုရွေးချယ်တင်မြှောက်သည့် အစိုးရတစ်ရပ် ပေါ်ပေါက်လာစေရန်အတွက် ရွေးကောက်ပွဲများကျင်းပပြီး အနိုင်ရသည့် ကိုယ်စားလှယ်များဖြင့် အစိုးရတစ်ရပ်ဖွဲ့စည်းကာ တိုင်းပြည်၏အရေးအရာအားလုံးကို တက်ရောက်လာသည့် အစိုးရများက တာဝန်ယူဆောင်ရွက်ရသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ပြည်သူလူထု၏ဆန္ဒနှင့်အညီ ရွေးချယ်တင်မြှောက်သည့်နေရာတွင် အဓိကကျသည့် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများမှန်ကန်ရေးအတွက် တာဝန်ရှိသူအားလုံးက အလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ပြောကြားသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မဲစာရင်းများမှန်ကန်ရေးအတွက် မြေပြင်စာရင်းကောက်ယူနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်က လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြီးခဲ့သည့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲနှင့်ပတ်သက်သည့် အမှားများကဲ့သို့မဖြစ်စေရေး အလေးထား ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ၏ အဓိကမှားယွင်းချက်များကို လေ့လာရာတွင် နိုင်ငံသားစိစစ်ရေးကတ်များ စနစ်တကျမရှိခြင်း၊ ဖောင်းပွနေခြင်းနှင့် လူတစ်ဦးတည်းက ဆပွားပုံစံဖြင့် ဆောင်ရွက်သည့် ကိစ္စရပ်များကြောင့် မဲစာရင်းများ မမှန်မကန်ဖြစ်ပြီး ရလဒ်အဖြေများ မှားယွင်းခဲ့သည့် ကိစ္စရပ်များ ပေါ်ပေါက်ခဲ့ရကြောင်း၊ မိမိတို့တိုင်းဒေသကြီးအတွင်း အိမ်ထောင်စု၊ လူဦးရေစာရင်းများ မှန်ကန်ရေးအတွက် တာဝန်ရှိသူအားလုံးက တာဝန်သိစိတ်ဖြင့် လုပ်ငန်းဆောင်ရွက်ရာတွင် မိမိတို့ဝန်ထမ်းအားလုံးကျရာအခန်းကဏ္ဍမှ ပူးပေါင်းပါဝင် ဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး၊ တိုင်းဒေသကြီး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ တိုင်းဒေသကြီးဦးစီးမှူး ဦးအေးလှိုင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးခင်မောင်ဆန်းတို့က တိုင်းဒေသကြီးအတွင်းရှိ ခရိုင်/ မြို့နယ်များတွင် မဲစာရင်းများမှန်ကန်ရေးအတွက် မြေပြင်စာရင်းကောက်ယူနိုင်ရေး လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်ရုံး တိုင်းဒေသကြီးဦးစီးမှူး ဦးသောင်းဒန်က လုပ်ငန်းများဆောင်ရွက်သွားမည့် အခြေအနေများကို လည်းကောင်း၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက မိမိတို့ဌာနများအလိုက် မဲစာရင်းများမှန်ကန်ရေးအတွက် မြေပြင်စာရင်းကောက်ယူနိုင်ရေး လုပ်ငန်းများတွင် တာဝန်ယူဆောင်ရွက်သွားမည့် လုပ်ငန်းများနှင့်ပတ်သက်၍ လည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များနှင့် အစည်းအဝေးသို့ တက်ရောက်လာသူများက တိုင်းဒေသကြီးအတွင်း မဲစာရင်းများမှန်ကန်ရေးအတွက် မြေပြင်စာရင်းကောက်ယူနိုင်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ဖြည့်စွက်တင်ပြကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၈

(၇၅)နှစ်မြောက် စိန်ရတုလွတ်လပ်ရေးနေ့အထိမ်းအမှတ် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ ပထမထပ်ရှိ အစည်းအဝေးခန်းမ (၄)၌ ကျင်းပသည်။

ရှေးဦးစွာ ပြပွဲ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ (ကိုယ်စား) ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဦးညွန့်ဖေက ပြပွဲ၊ ပြိုင်ပွဲများနှင့် ဆုကြေးငွေများကို လုပ်ငန်းကော်မတီအလိုက် တင်ပြရန်၊ ပြပွဲပြိုင်ပွဲနေရာအခင်းအကျင်းများ အတည်ပြုတင်ပြပေးရန်နှင့် ပန်းဝါသနာရှင်အသင်းနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့က ပြိုင်ပွဲဝင်မည့်အသင်းများကို ကြိုတင်အသိပေး ဖိတ်ခေါ်ထားရန်တို့ကို မှာကြားသည်။



ဆက်လက်၍ ပြပွဲ၊ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ တွဲဖက်အတွင်းရေးမှူး (၁) ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန၊ ဌာနမှူး၊ တွဲဖက်အတွင်းရေးမှူး (၂) စိုက်ပျိုးရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် မြန်မာနိုင်ငံ ပန်းဝါသနာရှင်များအသင်းဥက္ကဋ္ဌတို့က ကော်မတီအလိုက် လုပ်ဆောင်ရမည့်လုပ်ငန်းများကို တင်ပြဆွေးနွေးကြသည်။

ထို့နောက် တက်ရောက်လာသော လုပ်ငန်းကော်မတီများဖြစ်သည့် ပြပွဲ၊ ပြိုင်ပွဲကျင်းပရေးလုပ်ငန်းကော်မတီ၊ အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကော်မတီ၊ ဘဏ္ဍာရေးလုပ်ငန်းကော်မတီ၊ သန့်ရှင်းရေးလုပ်ငန်းကော်မတီ၊ လုံခြုံရေးလုပ်ငန်းကော်မတီ၊ ကျန်းမာရေးလုပ်ငန်းကော်မတီ၊ အကဲဖြတ်နှင့် ဆုချီးမြှင့်ရေးလုပ်ငန်းကော်မတီ၊ ဧည့်ခံကျွေးမွေးရေးလုပ်ငန်းကော်မတီ၊ ပြန်ကြားရေး၊ ဖိတ်ကြားရေးနှင့် ကြိုဆိုနေရာချထားရေး လုပ်ငန်းကော်မတီနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းကော်မတီတို့က သက်ဆိုင်ရာကဏ္ဍအလိုက် ဆွေးနွေးတင်ပြမှုများအပေါ် တာဝန်ရှိသူများက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

အဆိုပါ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲများကို ၁၉၉၃ ခုနှစ်မှစ၍ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်စိုက်ပျိုးခြင်းလုပ်ငန်းများကို အများပြည်သူ စိတ်ပါဝင်စားလာစေရန်၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်စိုက်ပျိုးရေး အဆင့်မြင့်နည်းပညာများ အများပြည်သူ လေ့လာနိုင်စေရန်၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်မျိုးကောင်းမျိုးသန့်များ ပြန့်ပွားဖြန့်ဝေပေးနိုင်စေရန်၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်များ စိုက်ပျိုးထုတ်လုပ်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်လာစေရန်၊ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်များ စိုက်ပျိုးထုတ်လုပ်ခြင်းဖြင့် နိုင်ငံတော်၏စီးပွားဖွံ့ဖြိုးမှု အထောက်အကူပြုနိုင်စေရန် စသည့် ရည်ရွယ်ချက်များဖြင့် နှစ်စဉ်ကျင်းပခဲ့ရာ ၂၀၂၀ ပြည့်နှစ်ထိ ကျင်းပနိုင်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါဖြစ်ပွားခဲ့သော ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်များတွင် ကျင်းပမှုရပ်ဆိုင်းခဲ့သည်။ ယခုလာမည့် ၂၀၂၃ ခုနှစ် (၇၅)နှစ်မြောက် စိတ်ရတုလွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံကြီးကြပ်မှုဖြင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ၈ ရက်အထိ ရန်ကုန်မြို့ ကန်တော်ကြီးသဘာဝဥယျာဉ်၊ မဟာမြိုင်ကျွန်း၊ ဆင်ဖြူတော်ရုပ်တုများအနီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်ပြပွဲ၊ ပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာ ပြန်လည်ကျင်းပသွားမည်ဖြစ်ကြောင်းနှင့် ပြပွဲ၊ ပြိုင်ပွဲကျင်းပရာတွင် ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံနှင့် ပန်းမန်များ ပိုမိုစုံလင်စွာ ပြိုင်ပွဲဝင်နိုင်ရေး၊ ပိုမိုပြည့်စုံစွာ ခင်းကျင်းပြသနိုင်ရေး၊ ပညာပေးအစီအစဉ်များ ပိုမိုဆောင်ရွက်နိုင်ရေးတို့အတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနတို့ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ Saint Petersburg ရှိ Leningrad Nuclear Power Plant (NPP)၊ Power Machines နှင့် Konstantinovsky Palace များသို့ သွားရောက်လေ့လာ



ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့်အဖွဲ့ဝင်များ Power Machines ကုမ္ပဏီ၏ Leningrad Metal Machine စက်ရုံ၌ ကြည့်ရှုလေ့လာစဉ်။



ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်နှင့်အဖွဲ့ဝင်များ Konstantinovsky Palace အတွင်းရှိ ပြခန်းများအား ကြည့်ရှုလေ့လာစဉ်။

**နေပြည်တော် နိုဝင်ဘာ ၁၈**

ရုရှားဖက်ဒရေးရှင်းနိုင်ငံ၌ ရောက်ရှိနေသည့် လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်နှင့် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် တို့ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ရုရှားဖက်ဒရေးရှင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးလွင်ဦးနှင့် တာဝန်ရှိသူများနှင့်အတူ နိုဝင်ဘာ ၁၇ ရက်တွင် Saint Petersburg ရှိ Leningrad Nuclear Power Plant (NPP)၊ Power Machines နှင့် Konstantinovsky Palace များသို့ သွားရောက်လေ့လာကြသည်။

**ရှင်းလင်းတင်ပြ**

ဦးစွာ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသောင်းဟန်နှင့် ဒေါက်တာမျိုးသိန်းကျော်တို့ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် Leningrad Nuclear Power Plant (NPP) သို့ ရောက်ရှိကြရာ အစည်းအဝေးခန်းမတွင် စက်ရုံမှူး Lavrentiyev Pavel နှင့်တာဝန်ရှိသူများက စက်ရုံ၏ စီမံခန့်ခွဲမှုဆိုင်ရာ အချက်အလက်များ၊ Atomic Energy ကို ငြိမ်းချမ်းစွာအသုံးပြုခြင်းဆိုင်ရာများ၊ ပြည်ပနိုင်ငံများနှင့် ချိတ်ဆက်၍ ပူးပေါင်းဆောင်ရွက်နေမှုများ၊ နျူကလီးယားနည်းပညာများနှင့် ပတ်သက်၍ ကမ္ဘာ့နိုင်ငံများတွင် အသုံးပြုဆောင်ရွက်နေမှုများ၊ နျူကလီးယားနည်းပညာကို သုတေသနလုပ်ငန်း၊ ဆေးဝါးထုတ်လုပ်ခြင်း စသောကဏ္ဍများစွာတွင် အသုံးပြုလျက်ရှိသည့် အခြေအနေများ၊ ပြည်ပရှိ Atomic Station များအား ထိန်းချုပ်ဆောင်ရွက်ပေးနေမှုများ၊ Leningrad Nuclear Power Plant ( NPP )အနေဖြင့် Saint Petersburg မြို့ လျှပ်စစ်ဓာတ်အား လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနေသည့် အခြေအနေများ၊ နျူကလီးယားစွမ်းအင် အသုံးပြုဆောင်ရွက်နေမှုများအပေါ် ဒေသခံပြည်သူများ၏ ယုံကြည်စိတ်ချ လက်ခံနိုင်မှုအခြေအနေ၊ နျူကလီးယားစွမ်းအင်သုံးလျှပ်စစ်ဓာတ်အားဖြင့် လူမှုဘဝအတွက်များစွာ အထောက်အကူပြုနေမှု၊ စက်ရုံဝင်းအတွင်းရှိ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုနှင့် အဆိုပါဝန်ထမ်းများနှင့် မိသားစုများအတွက် ပညာရေး၊ ကျန်းမာရေး စသည်ဖြင့် လိုအပ်သည်များ စီမံဆောင်ရွက်ပေးထားမှုများ၊ သဘာဝပတ်ဝန်းကျင်အား လုံခြုံစိတ်ချရမှုပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။

**အသေးစိတ်မေးမြန်း**

ရှင်းလင်းတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးများက ရုရှား-မြန်မာ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် ကဏ္ဍများနှင့် ပတ်သက်၍ ဆွေးနွေးကြပြီးသိရှိလိုသည်များကို အသေးစိတ် မေးမြန်းကြသည်။

ထို့နောက် မြန်မာကိုယ်စားလှယ်အဖွဲ့သည် စက်ရုံအတွင်း Water Water Energetic Reactor (V.V.E.R) – 1200 ပါဝါယူနစ်၏ Block Control Panel လုပ်ငန်းဆောင်ရွက်မှုများ၊ တာဘိုင်ခန်းမ (Inspection of the turbine hall)၊ ထိန်းသိမ်းမောင်းနှင်ရေးခန်းမ နှင့် ဓာတ်အားပေးစက် (Generator) လည်ပတ်နေမှုများကို လှည့်လည်ကြည့်ရှုလေ့လာကြပြီး သိရှိလိုသည်များ မေးမြန်းကြရာ သက်ဆိုင်ရာ ကဏ္ဍတစ်ခုခြင်းစီအလိုက် တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြကာ အမှတ်တရ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

အဆိုပါ Leningrad (Nuclear Power Plant) NPP သည် Saint Petersburg မြို့၏ အနောက်တောင်ဘက် ကီလိုမီတာ ၈၀ အကွာတွင်တည်ရှိပြီး 1000 MW ထုတ်လုပ်ပေးလျက်ရှိ၍ Saint Petersburg မြို့၏ ဓာတ်အားသုံးစွဲမှု၏ ၅၀ ရာခိုင်နှုန်းကို ဖြည့်ဆည်းပေးလျက်ရှိသည်။ စက်ရုံစတင်လည်ပတ်ခဲ့သည်မှာ နှစ်ပေါင်း ၄၉ နှစ်ကြာရှိပြီး အဆိုပါကာလအတွင်း ထိခိုက်မှု တစ်စုံတစ်ရာမျှမရှိဘဲ ကောင်းစွာလည်ပတ်ခဲ့ကာ ယခုချိန်အထိ သဘာဝပတ်ဝန်းကျင်ရှိ ရေထု၊ လေထုအတွင်း မည်သည့် Radation မျှမရှိဘဲ သဘာဝအတိုင်း ပကတိတည်ရှိနေကြောင်း ဆန်းစစ်လေ့လာမှုများအရသိရသည်။ ထို့ပြင် 1200 MW နှစ်လုံးကိုလည်း တိုးချဲ့ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ဆက်လက်၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် Power Machines ကုမ္ပဏီ၏ Leningrad Metal Machine စက်ရုံသို့သွားရောက်လေ့လာကြရာ စက်ရုံမှ ဒုတိယစက်ရုံမှူး Ivan Grosse က စက်ရုံဆိုင်ရာများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သိရှိလိုသည်များကိုအသေးစိတ် မေးမြန်းကာ စက်ရုံအတွင်း ဓာတ်အားပေးစက်များ ထုတ်လုပ်နေမှုများကိုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

အဆိုပါ Power Machines ကုမ္ပဏီသည် ရေအားနှင့် အပူစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများတွင် အသုံးပြုလျက်ရှိသော Turbine များကို အဓိကထား ထုတ်လုပ်လျက်ရှိသည်။ ကုမ္ပဏီအား ၁၉၄၂ ခုနှစ်မှ စတင်လည်ပတ်ခဲ့ပြီး နိုင်ငံပေါင်း ၃၈ နိုင်ငံကိုလည်း လိုအပ်သော ဓာတ်အားပေးစက်များ ထုတ်လုပ်ရောင်းချပေးလျက်ရှိသည်။ ကမ္ဘာ့အဆင့်တွင် စတုတ္ထမြောက် အကြီးမားဆုံး ထုတ်လုပ်သော ကုမ္ပဏီဖြစ်ပြီး ရုရှားနိုင်ငံ၏ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံများ၏ တပ်ဆင်အသုံးပြုလျက်ရှိသော စက်များ၏ ၇၀ ရာခိုင်နှုန်းကို Power Machines မှ ထုတ်လုပ်ပေးထားကြောင်း သိရသည်။ နည်းပညာပိုင်းအကူအညီနှင့် Design များ ဆောင်ရွက်ပေးခြင်းနှင့် ဓာတ်အားပေးစက်များ တပ်ဆင်ခြင်းအတွက် အကြံညာဏ်ပေးခြင်း၊ ဖြစ်ပေါ်လာသည့် အခက်အခဲများအား ကူညီဖြေရှင်းပေးခြင်းများကို အဓိကထားဆောင်ရွက်ပေးနေသော ကုမ္ပဏီတစ်ခုဖြစ်ကြောင်းနှင့် မြန်မာနိုင်ငံအတွင်း အလားအလာကောင်းများရှိသည့် ရေအားလျှပ်စစ်စီမံကိန်းများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကြည့်ရှုလေ့လာ**

အလားတူ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့သည် Konstantino–vsky Palace သို့ သွားရောက်၍ နန်းတော်အတွင်းရှိ ပြခန်းများအားကြည့်ရှုလေ့လာခဲ့ကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# တပ်မတော်ဆေးရုံများ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ကြည့်ရှုအားပေး

**နေပြည်တော် နိုဝင်ဘာ ၁၈**

ကယားပြည်နယ် လွိုင်ကော်မြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံ၌တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးအောင်အောင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်လှမိုးနှင့် အဖွဲ့ဝင်များက(ဝဲပုံ) လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ နယ်မြေခံ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ခင်လှိုင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် မြတ်သက်ဦးနှင့် အဖွဲ့ဝင်များကလည်းကောင်း ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများအား မေးမြန်းအားပေးစကားပြောကြားကြပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ကာ ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးသည်။

အလားတူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နှင့် မိုင်းဆတ်မြို့တို့ရှိ တပ်မတော်ဆေးရုံ၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံဆေးတပ်ရင်းနှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ တပ်မတော်ဆေးရုံတို့၌ တက်ရောက်ဆေးကုသမှုခံယူနေသူများအား ယနေ့တွင် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများအား မေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများပေးအပ်ကာ ဆေးရုံများအတွင်း လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညွှန်ကြားဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် သတင်းထုတ်ပြန်ချက် အမှတ် (၄/၂၀၂၂)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌသည် ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၇ ရက်နေ့တွင် အမိန့်အမှတ် ၇၀/ ၂၀၂၂၊ ၇၁/ ၂၀၂၂၊ ၇၂/ ၂၀၂၂၊ ၇၃/ ၂၀၂၂ နှင့် ၇၄/ ၂၀၂၂ တို့ဖြင့် အကျဉ်းထောင်၊ အကျဉ်းစခန်းနှင့် အလုပ်စခန်းအသီးသီးတို့တွင် ပြစ်ဒဏ်ကျခံလျက်ရှိသော အကျဉ်းသား၊ အကျဉ်းသူ စုစုပေါင်း ၅၇၇၄ ဦးနှင့် အခြားအကျဉ်းသား ငါးဦးတို့ကို ပြစ်ဒဏ်လွတ်ငြိမ်းခွင့်ပြုခဲ့ပါသည်။ ထို့ပြင် အမှုဖွင့်တရားစွဲဆိုခံထားရသည့် အနုပညာရှင် ၁၁ ဦးကို ၎င်းတို့အပေါ် စွဲဆိုထားသည့် အမှုများကို ပိတ်သိမ်းခွင့်ပြုခဲ့ပြီး နိုင်ငံခြားသား/ သူ ၄ ဦးတို့ကိုလည်း ပြစ်ဒဏ်များ လွတ်ငြိမ်းခွင့်ပြု၍ ပြည်နှင်ဒဏ်ပေးခဲ့ပါသည်။ ဤကဲ့သို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လူသားချင်းစာနာထောက်ထားမှုဖြင့် ဆောင်ရွက်ပေးမှုသည် လျော်ကန်သင့်မြတ်သော လုပ်ဆောင်ချက်များ ဖြစ်ပါသည်။ ယင်းကဲ့သို့ ဆောင်ရွက်ပေးမှုနှင့် ပတ်သက်သော ရည်ရွယ်ချက်ကို အမျိုးမျိုးဖော်ပြပြောဆိုမှုများရှိသော်လည်း သက်ဆိုင်ရာမိသားစုများအနေဖြင့် ယင်းတို့၏ မိသားစုဝင်များနှင့် ပြန်လည်ပေါင်းစည်းခွင့် ရရှိသည့်အတွက် ဝမ်းမြောက်ပီတိဖြစ်ကြရသည်မှာ အထင်အရှားပင် ဖြစ်ပါသည်။

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ငြိမ်းချမ်းရေး အကျိုးစီးပွားများအတွက် နောင်အနာဂတ်တွင်လည်း အလားတူ အပြုသဘောဆောင်သော ခြေလှမ်းလုပ်ဆောင်မှုများ ချမှတ်လုပ်ဆောင်နိုင်မည်ဟု ကော်မရှင်အနေဖြင့် မျှော်လင့်ပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်
ရက်စွဲ၊ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၈ ရက်

## နည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ပထမနှစ်(ဒုတိယနှစ်ဝက်)နှင့် ဒုတိယနှစ်မှ ပါရဂူဘွဲ့သင်တန်းများ၏ ကျောင်းအပ်လက်ခံရက် ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**
**အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**
**ကြေညာချက်**

၁။ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာနရှိနည်းပညာတက္ကသိုလ်များနှင့် ကွန်ပျူတာတက္ကသိုလ်များတွင် ပထမနှစ်(ဒုတိယနှစ်ဝက်)နှင့် ဒုတိယနှစ်မှ ပါရဂူဘွဲ့သင်တန်းများ၏ ကျောင်းအပ်လက်ခံခြင်းကို (၃၀-၁၁-၂၀၂၂) ရက်အထိ (စနေနေ့နှင့် တနင်္ဂနွေနေ့များအပါအဝင်) လက်ခံဆောင်ရွက်ပေးမည် ဖြစ်ပါသည်။

၂။ ကျောင်းအပ်လက်ခံခြင်းကို နောက်ဆုံးရက်ဖြစ်သော (၃၀-၁၁-၂၀၂၂)ရက်နေ့ ကျော်လွန်၍ လက်ခံဆောင်ရွက်ပေးမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ **အဆင့်မြင့်သိပ္ပံနှင့်နည်းပညာဦးစီးဌာန**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း (၈)ကြိမ်မြောက် တရုတ်-အာဆီယံသွားဘက်ဆိုင်ရာဆေးပညာဖိုရမ်တွင် Virtual စနစ်ဖြင့် မိန့်ခွန်းပြောကြား

**နေပြည်တော် နိုဝင်ဘာ ၁၈**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးမြို့၌ (၈) ကြိမ်မြောက် တရုတ်-အာဆီယံ သွားဘက်ဆိုင်ရာ ဆေးပညာဖိုရမ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် Hybrid method ဖြင့် ကျင်းပရာ အဆိုပါ ဖိုရမ်ကျင်းပရေးအမှုဆောင်ဥက္ကဋ္ဌ Prof. Hongbing Liao က နှုတ်ခွန်းဆက်စကားပြောကြား၍ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းက Video Key Note Speech ဖြင့် မိန့်ခွန်းပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက တရုတ်-အာဆီယံ သွားဘက်ဆိုင်ရာဆေးပညာဖိုရမ်များအား ၂၀၀၈ ခုနှစ်မှ စ၍ ယနေ့အထိ (၈) ကြိမ်မြောက် အောင်မြင်စွာ ကျင်းပနိုင်သည့်အတွက် မိမိအနေဖြင့် ဂုဏ်ယူဝမ်းမြောက်မိကြောင်း၊ ယနေ့ကျင်းပသော (၈)ကြိမ်မြောက် တရုတ်-အာဆီယံသွားဘက်ဆိုင်ရာဆေးပညာဖိုရမ်၏ ဆောင်ပုဒ်မှာ All on “Cloud Silk Road” for Oral Health ဖြစ်သည့်အတွက် ကိုဗစ်-၁၉ ကပ်ရောဂါအလွန်ကာလတွင် ကျန်းမာရေးဆိုင်ရာဖလှယ်မှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လာခြင်းနှင့် ကိုက်ညီမှုရှိသည်ကိုလည်း တွေ့ရှိရကြောင်း၊ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်-မန္တလေး၊ သွားဘက်ဆိုင်ရာဆေးတက္ကသိုလ်- ရန်ကုန်နှင့် Guangxi Medical University Hospital၊ College of Stomatology တို့အကြား ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်လျက်ရှိပြီး ယခုအချိန်အထိ Guangxi Medical University၊ College of Stomatology မှ မြန်မာနိုင်ငံ၏ ဘွဲ့ကြို၊ ဘွဲ့လွန်ဆရာဝန် ၃၀ နီးပါးကို ပြုစုပျိုးထောင်ပေးခဲ့သည့်အတွက် များစွာဝမ်းမြောက်မိကြောင်း၊ ယနေ့သည် မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနနှင့် Guangxi Medical University၊ College of Stomatology မှ ပညာရေးနှင့် ဆေးဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို အွန်လိုင်းမှ တရားဝင်လက်မှတ်ရေးထိုးသည့် အခမ်းအနားလည်း ကျင်းပမည်ဖြစ်၍ နေ့ထူးနေ့မြတ်တစ်ရက်လည်း ဖြစ်ကြောင်း။

ထိုသို့ လက်မှတ်ရေးထိုးခြင်းဖြင့် နှစ်နိုင်ငံမှ သွားဘက်ဆိုင်ရာဆရာဝန်များအကြား ဆေးပညာရပ်ပိုင်း ပူးပေါင်းဆောင်ရွက်မှုကို ပိုမိုအားဖြည့်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထို့ပြင် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်-ရန်ကုန်သည် တရုတ် ကွမ်ရှီး-အာဆီယံ ကျွမ်းကျင်ပညာရှင်အကြံပေးကော်မတီတွင်လည်း ပါဝင်ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား သွားဘက်ဆိုင်ရာဆေးပညာများအပါအဝင် ကျန်းမာရေးအသိပညာများဖလှယ်၍ ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်ခြင်းဖြင့် နှစ်နိုင်ငံမှ ပြည်သူပြည်သားများ၏ ကျန်းမာရေးကို မြှင့်တင်နိုင်မည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

ထို့နောက် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့် Guangxi Medical University၊ College of Stomatology မှ ပါမောက္ခချုပ် Prof. Hongbing Liao တို့သည် သွားဘက်ဆိုင်ရာပညာရေးနှင့် ဆေးဘက်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို Virtual စနစ်ဖြင့် လက်မှတ်ရေးထိုးပွဲအခမ်းအနား ကျင်းပရာ ပြည်ထောင်စုဝန်ကြီး တက်ရောက်ချီးမြှင့်သည်။




အဆိုပါ ဖိုရမ်ကို နိုဝင်ဘာ ၁၈ ရက်မှ ၁၉ ရက်အထိ ကျင်းပမည်ဖြစ်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် အာဆီယံနိုင်ငံများမှ သွားဘက်ဆိုင်ရာ ဆေးပညာရှင်များ၊ မြန်မာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ သွားဘက်ဆိုင်ရာဆေးပညာရှင်များ ပါဝင်တက်ရောက်ဆွေးနွေးကြမည်ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်တို့နှင့်အတူ ကျန်းမာရေးဝန်ကြီးဌာနရုံးအမှတ်(၄၇) ပြည်သူ့ကျန်းမာရေးဦးစီးဌာနသို့ သွားရောက်၍ ဦးစီးဌာနရှိ အရာထမ်း၊ အမှုထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး အရာထမ်း၊ အမှုထမ်းများနှင့်အတူတကွ နေ့လယ်စာသုံးဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# မြန်မာ- ရုရှား နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန် ရုရှားနိုင်ငံအစိုးရပိုင်းနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် နိုဝင်ဘာ ၁၈**




မြန်မာ- ရုရှား နှစ်နိုင်ငံခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ရုရှားခရီးသွားဧည့်သည်များ မြန်မာနိုင်ငံသို့ ပိုမိုလာရောက်စေရေး၊ ရုရှားခရီးသွားဧည့်သည်များကို ကောင်းမွန်သောဝန်ဆောင်မှုများ ပေးအပ်နိုင်ရေးတို့ကို ရည်ရွယ်၍ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနသည် ရုရှားနိုင်ငံအစိုးရပိုင်းနှင့် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ယနေ့နံနက်ပိုင်းတွင် ဝန်ကြီးဌာန နီလာခန်းမ၌ ဝန်ကြီးဌာနများမှ ရုရှားဖက်ဒရေးရှင်းနိုင်ငံတွင် ပညာသင်ကြားခဲ့သော နိုင်ငံ့ဝန်ထမ်းများနှင့် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ဒုတိယအကြိမ်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံသည် ပထဝီအနေအထားအရ အလှမ်းကွာဝေးသော်လည်း လေကြောင်းလိုင်းများ ပြေးဆွဲပျံသန်းနိုင်ရေး ဆောင်ရွက်နိုင်မည်ဆိုပါက ရုရှားခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်ရေးအတွက် များစွာအထောက်အပံ့ဖြစ်နိုင်ကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ခရီးစဉ်ဒေသများအကြောင်း ရုရှားပြည်သူများ ပိုမိုသိရှိစေရန်အတွက် ရုရှားနိုင်ငံ၏ URAL Airline In-Flight မဂ္ဂဇင်းတွင် မြှင့်တင်ကြော်ငြာနိုင်ရေး ဆောင်ရွက်လျက်ရှိပြီး ရုရှားနိုင်ငံနှင့် ခရီးသွားမြှင့်တင်ရေး အစီအစဉ်တစ်ရပ်အနေနှင့် ချစ်ကြည်ရေးခရီးစဉ်များကို ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ညှိနှိုင်းဆောင်ရွက်သွားရန်ရှိကြောင်း။

ထို့အပြင် ရုရှားနိုင်ငံတွင် ကျင်းပမည့် ခရီးသွားပြပွဲများတွင်လည်း ဝန်ကြီးဌာနနှင့် ပုဂ္ဂလိကအသင်းအဖွဲ့များ ပူးပေါင်းပြီး ပါဝင်ပြသရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ရုရှားနိုင်ငံတွင် ပညာသင်ယူခဲ့ကြသူများအနေဖြင့် ဝန်ကြီးဌာနမှ ရုရှားခရီးသွားဈေးကွက်မြှင့်တင်ရေးအတွက် ဆောင်ရွက်မည့်အစီအစဉ်များတွင် ဝိုင်းဝန်းကူညီအကြံပြုပေးကြရန်နှင့် မိမိတို့တွင် အစီအစဉ်များရှိပါကလည်း ဝန်ကြီးဌာနမှ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ပညာရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာနတို့မှ တက်ရောက်လာကြသူများက ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့အကြား သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့်အစီအစဉ်များ၊ ရုရှားဘာသာစကားသင်တန်းများ ဖွင့်လှစ်သင်ကြားပေးနေမှုနှင့် ရုရှားခရီးသွားဧည့်သည်များ အဆင်ပြေချောမွေ့စွာ လာရောက်လည်ပတ်နိုင်ရေးအတွက် ပံ့ပိုးကူညီနိုင်မည့်အကြံပြုချက်များကို တင်ပြကြသည်။

ယင်းနောက် ဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များက နှစ်နိုင်ငံခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအစဉ်များကို ဆွေးနွေးတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက အကြံပြုတင်ပြချက်များအပေါ် ပြန်လည်ဖြည့်စွက် ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့က သတင်းမီဒီယာများနှင့်တွေ့ဆုံ၍ (၂၁)ကြိမ်မြောက်သတင်းစာရှင်းလင်းပွဲပြုလုပ်



**နေပြည်တော် နိုဝင်ဘာ ၁၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့၏ (၂၁) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို ယနေ့ မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦး၊ ဌာနဆိုင်ရာများမှ ပြောရေးဆိုခွင့်ရှိသူများနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့် မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းက နိုင်ငံတော်အစိုးရအနေဖြင့် ဂုဏ်ထူးဆောင်ဘွဲ့၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခြင်းဆိုင်ရာကိစ္စရပ်များ၊ ပြစ်ဒဏ်ကျခံနေရသူများကို ပြစ်ဒဏ်များမှ ဖြေလျှော့သက်ညှာစွာ ဆောင်ရွက်ပေးမှုကိစ္စရပ်များ၊ အာဆီယံအဖွဲ့ကြီးနှင့် ဆက်စပ်ကိစ္စရပ်များ၊ ဘဏ္ဍာရေးနှင့် ကုန်သွယ်မှုဆိုင်ရာကိစ္စရပ်များ၊ ပညာရေးဆိုင်ရာကိစ္စများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်ကို Green City၊ Clean City ၊ Smart City ဖြစ်စေရန် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ အကောင်အထည်ဖော် ဆောင်ရွက်နေမှုဆိုင်ရာကိစ္စရပ်များ၊ အကြမ်းဖက်ကိစ္စရပ်များနှင့် စပ်လျဉ်း၍ PowerPoint Presentation များ၊ Video ဖိုင်များဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးက ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲ လုပ်ငန်းစဉ်များ၊ မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ကျူးလွန်ခဲ့ကြသူများကို အရေးယူဆောင်ရွက်မှု အခြေအနေများ၊ အခြေခံမဲဆန္ဒရှင်စာရင်းများ ပြုစုခြင်း၊ စိစစ်ခြင်းနှင့်မဲရုံနှင့် မဲရုံသုံးပစ္စည်းများ လျာထားတွက်ချက်ဆောင်ရွက်မှုအခြေအနေများ၊ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းအခြေအနေများနှင့် ပတ်သက်၍ PowerPoint Presentation များဖြင့် ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ သတင်းဌာနများမှ သတင်းထောက်များ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာ သတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက ပြန်လည်ရှင်းလင်းပြောကြားခဲ့ပြီး သတင်းစာရှင်းလင်းပွဲကို ရုပ်သိမ်းလိုက်သည်။

အဆိုပါ သတင်းစာရှင်းလင်းပွဲသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ အဖွဲ့ဝင်များ၊ ဝန်ကြီးဌာနအသီးသီးမှ ကိုယ်စားလှယ်များ၊ တပ်မတော်သတင်းမှန်ပြန်ကြားရေး အဖွဲ့မှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပြည်တွင်း သတင်းဌာနများ၊ နေ့စဉ်ထုတ်သတင်းစာများ၊ ပြည်တွင်းရုပ်မြင်သံကြားသတင်းဌာနများ၊ ပြည်တွင်းအခြေစိုက်ပြည်ပသတင်းဌာနမှ သတင်းထောက်များ လာရောက်သတင်းရယူခဲ့ကြကြောင်းနှင့် သတင်းစာရှင်းလင်းပွဲ ပြုလုပ်မှု၊ မေးမြန်းဖြေကြားမှုအပြည့်အစုံကို ဆက်လက်ဖော်ပြသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများ စတုတ္ထနေ့ ဆက်လက်ကျင်းပ



**နေပြည်တော် နိုဝင်ဘာ ၁၈**

၂၀၂၂ ခုနှစ် တပ်မတော်(ကြည်း၊ ရေ၊ လေ) အားကစားပြိုင်ပွဲများကို စတုတ္ထနေ့အဖြစ် ယနေ့ နံနက်ပိုင်းတွင် သက်ဆိုင်ရာ အားကစားနည်းများ အလိုက် သတ်မှတ်ထားသော အားကစားကွင်း/ရုံများ၌ ဆက်လက်ကျင်းပသည်။

တပ်မတော်(ကြည်း၊ရေ၊လေ) အားကစားပြိုင်ပွဲများဖြစ်သည့် လက်ဝှေ့ပြိုင်ပွဲကို နေပြည်တော်ရှိ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ တပ်နယ် အားကစားခန်းမ၌ ၅၇ ကီလို လူသစ်တန်း(အကြိုဗိုလ်လုပွဲ)၊ ၄၈ကီလို(က)အဆင့် (ဗိုလ်လုပွဲ)၊ ၅၄ ကီလို (က) အဆင့်(အကြိုဗိုလ်လုပွဲ)၊ ၆၇ ကီလို(က)အဆင့် (အကြိုဗိုလ်လုပွဲ)၊ ၆၇ ကီလို အလွတ်တန်း(အကြိုဗိုလ်လုပွဲ)၊ ၇၁ ကီလို အလွတ်တန်း(အကြိုဗိုလ်လုပွဲ)၊ ၈၀ ကီလို အလွတ်တန်း (အကြိုဗိုလ်လုပွဲ)ပွဲစဉ် ပြိုင်ပွဲများကိုလည်းကောင်း၊ ဇေယျာသီရိတပ်မတော် အားကစားကွင်း၌ ပြေး၊ခုန်၊ပစ် ပြိုင်ပွဲမှ ၁၀ မျိုးစုံ မီတာ ၄၀၀ အပြေးပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၅၀၀၀ ပြိုင်ပွဲ၊ ၁၀ မျိုးစုံ မီတာ ၁၁၀ တန်းကျော် အပြေးပြိုင်ပွဲ၊ တန်းမြင့်ခုန်ပြိုင်ပွဲ၊ သံလုံးပစ်ပြိုင်ပွဲ၊ ၁၀ မျိုးစုံ သံပြားဝိုင်းပစ်ပြိုင်ပွဲ၊ အမျိုးသား/အမျိုးသမီး မီတာ ၂၀၀ အပြေးပြိုင်ပွဲ၊ ၁၀ မျိုးစုံ တုတ်ထောက်ခုန်ပြိုင်ပွဲ၊ အလျားခုန်ပြိုင်ပွဲ၊ ၁၀ မျိုးစုံလှံတံပစ်ပြိုင်ပွဲ၊ ၁၀မျိုးစုံ မီတာ ၁၅၀၀ အပြေးပြိုင်ပွဲလူရွေးပွဲနှင့် ဗိုလ်လုပွဲစဉ်များကို လည်းကောင်း၊ ဂျူဒိုပြိုင်ပွဲကို ဇေယျာသီရိ အားကစားရုံ(A)၌ အမျိုးသား/အမျိုးသမီး ကီလိုတန်းအလိုက်ရှုံး/ထွက်ပွဲစဉ်များကို လည်းကောင်း၊ ဇေယျာသီရိအားကစားရုံ (C)၌ ပညာစဉ် စွမ်းရည်ပြပြိုင်ပွဲနှင့် လက်ထောက်နည်းပြအဆင့် ဓားတစ်လက်ပညာစဉ် စွမ်းရည်ပြပြိုင်ပွဲ၊ ပန်ကြပ်ဆီလပ် အတိုက်ပြိုင်ပွဲ၊ အမျိုးသားဓားတစ်လက်အတိုက်ပြိုင်ပွဲ၊ အမျိုးသားဓားနှစ်လက် အတိုက်ပြိုင်ပွဲများကိုလည်းကောင်း ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းတွင် ပိုက်ကျော်ခြင်း ပြိုင်ပွဲမှ အလွတ်တန်း သုံးယောက်တွဲ အသင်းလိုက် အုပ်စုပတ်လည်ပွဲစဉ်များနှင့် အလွတ်တန်း နှစ်ယောက်တွဲအသင်းလိုက် အကြိုဗိုလ်လုပွဲစဉ်များ၊ ကရာတေးဒို ပြိုင်ပွဲတွင် လူသစ်တန်း ၈၄ကီလိုတန်းအထက် ကုမိတဲ့ ပြိုင်ပွဲ၊ အကြီးတန်း ၆၇ ကီလိုအောက်၊ ၇၅ကီလိုအောက်၊ ၈၄ကီလိုအောက်၊ ၈၄ ကီလိုအထက် ကုမိတဲ့ ပြိုင်ပွဲ၊ နည်းပြများ ခတနှင့် ကုမိတဲ့ ပြိုင်ပွဲတို့ကို လည်းကောင်း ယှဉ်ပြိုင်ကစားကြသည်။

အဆိုပါ အားကစားပြိုင်ပွဲများသို့ ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင် အားကစားသမားများနှင့် အားကစား ဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ နယ်လှည့်အထူးကုဆေးအဖွဲ့က ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၁၈**

တပ်မတော်ပင်လယ်သွားဆေးရုံ ရေယာဉ်(သံလွင်)သည် ယနေ့တွင် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့ရှိ ပြည်သူ့ဆေးရုံ၌ အခြေပြု၍ ဒေသခံပြည်သူ ၂၀၁၂ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။



ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၉၃၃ ဦး၊ ခွဲစိတ်ရောဂါ ၃၁ ဦး၊ သားဖွား/မီးယပ်ရောဂါ ၅၆ ဦး၊ ကလေးရောဂါ ၉၂ ဦး၊ အရိုးရောဂါ ၂၇၆ ဦး၊ နား/နှာခေါင်း/လည်ချောင်းရောဂါ ၆၇ ဦး၊ မျက်စိရောဂါ ၄၈၈ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၆၉ ဦး၊ စုစုပေါင်း ၂၀၁၂ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့အပြင် ခွဲစိတ်ကုသရန်လိုအပ်သူ အထွေထွေခွဲစိတ်လူနာ လေးဦး၊ မျက်စိခွဲစိတ်လူနာ ၁၅ ဦးတို့ကို ခွဲစိတ်ကုသမှုများ ဆောင်ရွက်ပေးပြီး ဓာတ်မှန်ရိုက်လူနာ ၁၁ ဦး၊ အာထရာဆောင်းဖြင့်စမ်းသပ်စစ်ဆေးလူနာ ၅၈ ဦး၊ ECG ဖြင့်နှလုံးစမ်းသပ်လူနာ ၆၇ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၆၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့်လူနာများအား နီးစပ်ရာ တပ်မတော်ဆေးရုံနှင့် ပြည်သူ့ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထို့အပြင် ငရုတ်ကောင်းမြို့ ပြည်သူ့ဆေးရုံ၌ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ သားဖွားမီးယပ်ပါရဂူ ဗိုလ်မှူးခန့်မင်းညို ဦးဆောင်ပြီး ငရုတ်ကောင်းမြို့ မိုးတိမ်ပြင်ကျေးရွာအုပ်စု ဘုရားချောင်းကျေးရွာနေ ဦးဝေသူအောင်၏ဇနီး ဒေါ်ဝင်းဖန့်သူကို ခွဲစိတ်မွေးဖွားပေးခဲ့ရာ မွန်းလွဲ ၁ နာရီ ၂၁ မိနစ်ခန့်တွင် သမီးမိန်းကလေးတစ်ဦး(၇ပေါင်နှင့် ၇ အောင်စ) ကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး သမီးငယ် သံလွင်မေဦးဟု အမည်ပေးခဲ့ကာ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်က ပေးအပ်သည့် ထောက်ပံ့ငွေနှင့်လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူတစ်ဦးက ကိုယ်စားပေးအပ်ခဲ့သည်။ အဆိုပါကလေးငယ်သည် ယခုခရီးစဉ်အတွင်း ပထမဦးဆုံး မွေးဖွားပေးခဲ့သည့် ကလေးငယ်ဖြစ်ပြီး တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)၏ ဆေးကုသပေးမှုသမိုင်းမှတ်တမ်းတွင် (၁၇) ဦးမြောက်အဖြစ် အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာတို့ နှစ်နိုင်ငံချစ်ကြည်ရေး စာမျက်နှာသစ်ဖွင့်လှစ်ရန် ဆွေးနွေး

**ဗန်ကောက် နိုဝင်ဘာ ၁၈**

တရုတ်သမ္မတ ရှီကျင့်ဖျင်နှင့် ဖိလစ်ပိုင်သမ္မတ ဖာဒီနန်မားကို့စ်ဂျူနီယာတို့သည် APEC ထိပ်သီး အစည်းအဝေးပြင်ပတွင် ယနေ့တွေ့ဆုံခဲ့ကြောင်း သတင်းများအရ သိရသည်။

အဆိုပါနှစ်နိုင်ငံ ထိပ်သီးအစည်းအဝေးသည် ခေါင်းဆောင်နှစ်ဦးအကြား ပထမဆုံး လူချင်းတွေ့ဆုံမှုဖြစ်ပြီး တောင်တရုတ်ပင်လယ်၌ နှစ်နိုင်ငံကြား နယ်မြေအငြင်းပွားမှုများနှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

**သဘောတူညီခဲ့ကြ**

နှစ်နိုင်ငံတင်းမာမှုများကို ပြေလျော့စေရန် လုပ်ငန်းစဉ်များချမှတ်ပြီး ဆောင်ရွက်သွားရန်နှင့် တောင်တရုတ်ပင်လယ်ဆိုင်ရာ ကျင့်ထုံးဥပဒေ၏ ကျင့်ဝတ်ကို ထောက်ခံရန် ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့ကြသည်။

တောင်တရုတ်ပင်လယ် နယ်မြေအငြင်းပွားမှု အရေးသည် တရုတ်နှင့် ဖိလစ်ပိုင် နှစ်နိုင်ငံဆက်ဆံရေးအလုံးစုံကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း မပြုရန် ခေါင်းဆောင်နှစ်ဦးက သဘောတူညီခဲ့ကြောင်း ဖိလစ်ပိုင်နိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

သမ္မတရှီကျင့်ဖျင်က နှစ်နိုင်ငံချစ်ကြည်ရေး စာမျက်နှာသစ်ဖွင့်လှစ်ရန် ဆန္ဒရှိကြောင်း ဖိလစ်ပိုင်သမ္မတမားကို့စ်အား ပြောကြားခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ဆိုသည်။

တရုတ်သမ္မတရှီကျင့်ဖျင်နှင့် ဖိလစ်ပိုင်သမ္မတမားကို့စ်တို့၏ အဆိုပါ အစည်းအဝေးသည် အမေရိကန်ဒုတိယသမ္မတ ကင်မလာဟဲရစ် မနီလာမြို့တော်သို့ မလာရောက်မီ ရက်ပိုင်းအလိုတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကင်မလာဟဲရစ်က အငြင်းပွားလျက်ရှိသည့် ရေပြင်အခြေအနေကို ကြည့်ရှုရန် စီစဉ်ထားကြောင်း သိရသည်။

မားကို့စ်သည် သမ္မတရှီကျင့်ဖျင်၏ ဖိတ်ကြားချက်အရ တရုတ်နိုင်ငံသို့ ပထမဆုံးအကြိမ်လာရောက်မည်ဖြစ်ကြောင်း ယခုလအစောပိုင်းတွင် ဖိလစ်ပိုင်သမ္မတရုံးက ကြေညာခဲ့သည်။



ဖာဒီနန်မားကို့စ်ဂျူနီယာသည် ဇွန်လမှစပြီး သမ္မတရာထူးအာဏာကို စတင်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။ **ကိုးကား–အင်န်အိတ်ချ်ကေ ဘာသာပြန်–အောင်ကျော်ကျော်**



# အီရတ်နိုင်ငံ ကာဒစ်စတန်ဒေသ၌ ဓာတ်ငွေ့တိုင်ကီပေါက်ကွဲမှုဖြစ်ပွား၊ အနည်းဆုံး ၁၁ ဦး သေဆုံး

**ဘဂ္ဂဒက် နိုဝင်ဘာ ၁၈**

အီရတ်နိုင်ငံ ကာဒစ်စတန်ဒေသ Sulaimaniyah စီရင်စုရှိ သုံးထပ်အဆောက်အအုံတစ်ခု၌ ယမန်နေ့က ဓာတ်ငွေ့တိုင်ကီပေါက်ကွဲမှုကြောင့် အနည်းဆုံး ၁၁ ဦး သေဆုံးပြီး ၁၀ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

Sulaimaniyah စီရင်စုရှိ ကာဇီဝါရပ်ကွက်ရှိ အဆိုပါလူနေအိမ်တွင် အပူပေးရန်အတွက် အသုံးပြုသည့် ရေနံဓာတ်ငွေ့ရည်တိုင်ကီမှ ကြီးမားသော ပေါက်ကွဲမှုတစ်ခု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ဒေသန္တရအုပ်ချုပ်ရေးမှူး Haval Abubakir က သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

အဆိုပါ ပေါက်ကွဲမှုကြောင့် အိမ်တစ်ခုလုံးပျက်စီးခဲ့ပြီး ၁၁ ဦးသေဆုံးကာ ၁၀ ဦးထိခိုက်ဒဏ်ရာရရှိကြောင်းနှင့် အပျက်အစီးများအောက်တွင် ပိတ်မိနေသူများရှိနေသေးသည့်အတွက် သေဆုံးသူအရေအတွက် ၂၀ နီးပါး မြင့်တက်နိုင်ဖွယ်ရှိကြောင်း ဒေသန္တရအုပ်ချုပ်ရေးမှူး Haval Abubakir က သတင်းထောက်များအား ပြောကြားသည်။

ထို့ပြင် ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်းလည်း သိရသည်။ အဆိုပါ ပေါက်ကွဲမှုနှင့်ပတ်သက်ပြီး ဒေသဆိုင်ရာ အာဏာပိုင်များက စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အောင်ကျော်ကျော်**

# ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ၁၇ ဦးထပ်မံသေဆုံး

**မနီလာ နိုဝင်ဘာ ၁၈**

ဖိလစ်ပိုင်နိုင်ငံ၌ လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်–၁၉ ရောဂါကူးစက်မှုကြောင့် ၁၇ ဦး ထပ်မံသေဆုံးခဲ့သည့်အတွက် အဆိုပါရောဂါကူးစက်မှုကြောင့် သေဆုံးသူပေါင်း ၆၄၄၅၈ ဦး ရှိကြောင်း ဖိလစ်ပိုင်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

အလားတူ လွန်ခဲ့သော ၂၄ နာရီအတွင်း ရောဂါကူးစက်ခံရသူ ၁၇၇၄ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၀၂၃၇၉၈ ဦး ရှိကြောင်း သိရသည်။ လက်ရှိတွင် ပိုးတွေ့ဆဲလူနာ ၁၉၂၆၇ ဦး ရှိသည်။ ရောဂါထပ်မံကူးစက်ခံရသူများအနက် ၄၀၈ ဦးသည် မြို့တော်မနီလာမှ တွေ့ရှိရခြင်းဖြစ်သည်။ လက်ရှိအချိန်အထိ မြို့တော်မနီလာ၌ ရောဂါကူးစက်ခံရသူပေါင်း ၁၂၈၈၅၀၂ ဦးရှိကြောင်း သိရသည်။ ဖိလစ်ပိုင်နိုင်ငံ၌ ဇန်နဝါရီ ၁၅ ရက်တွင် နေ့စဉ်ကူးစက်မှုအရေ အတွက် ၃၉၀၀၄ ဦးဖြင့် စံချိန်တင်ခဲ့သည်။ လက်ရှိအချိန်အထိ ပြည်သူ ၇၃ ဒသမ ၇ သန်းကျော်အား ကာကွယ်ဆေးအပြည့်အဝ ထိုးနှံပေးပြီးဖြစ်ကြောင်း သိရသည်။ ပြည်သူ သန်း ၁၁၀ ဝန်းကျင်ရှိသည့် ဖိလစ်ပိုင်နိုင်ငံ၌ ပြည်သူ ၃၂ ဒသမ ၅ သန်း ကျော်အား ရောဂါကူးစက်မှု ရှိ၊ မရှိ စစ်ဆေးပြီးဖြစ်ကြောင်း သိရသည်။ **ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–အောင်ကျော်ကျော်**

# တရုတ်နိုင်ငံရှိ ကျေးလက်ဒေသများ၌နေထိုင်သည့် ရွှေ့ပြောင်းလုပ်သားများ အလုပ်အကိုင်ရရှိမှုတိုးတက်လာစေရေး ဆောင်ရွက်

**ပေကျင်း နိုဝင်ဘာ ၁၈**

တရုတ်နိုင်ငံရှိ ကျေးလက်ဒေသများ၌ နေထိုင်သည့် ရွှေ့ပြောင်းလုပ်သားများအား အလုပ်အကိုင်ရရှိမှုတိုးတက်လာစေရေးအတွက် လမ်းညွှန်ချက်များကို တာဝန်ရှိသူများက နိုဝင်ဘာ ၁၈ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**ပြောကြား**

တရုတ်နိုင်ငံတွင် လက်ရှိအချိန်၌ ကျေးလက်ဒေသရှိ ရွှေ့ပြောင်းလုပ်သားများအတွက် အထောက်အပံ့ပေးရေး အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး ထောက်ပံ့ကြေးများလည်း ပေးအပ်လျက်ရှိကြောင်း လူသားအရင်းအမြစ်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာနနှင့် အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင်တို့က ပြောကြားသည်။

ထိုသို့ ထောက်ပံ့ကြေးများပေးအပ်ရာတွင် ရွှေ့ပြောင်းလုပ်သားများ အများဆုံး လုပ်ကိုင်သည့် ဆောက်လုပ်ရေး၊ ကုန်ပစ္စည်းထုတ်လုပ်ရေးနှင့် ဝန်ဆောင်မှုလုပ်ငန်းများအား ဦးစားပေး ပေးအပ်ကြောင်း သိရသည်။

**ဆောင်ရွက်**

ယခု စီစဉ်ဆောင်ရွက်သည့် အစီအစဉ်အရ ရွှေ့ပြောင်းလုပ်သားများအား ၎င်းတို့နေထိုင်ရာ ပတ်ဝန်းကျင်အနီးတွင် အလုပ်လုပ်ကိုင်နိုင်ရန် ပံ့ပိုးပေးထားပြီး ကျေးလက်ဒေသရှိ လုပ်ငန်းခွင်များကို အဆင့်မြှင့်တင်ရေးအတွက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုအစီအစဉ်သည် ကျေးလက်ရှိ လုပ်သားများအား ဆင်းရဲနွမ်းပါးမှုမှ လွတ်မြောက်စေရေးအတွက် အကူအညီများပေးမည်ဖြစ်ပြီး ကျေးလက်ရှိဒေသခံများအတွက် အလုပ်အကိုင်ရှာဖွေရာတွင် ကန့်သတ်ချက်များကို လျှော့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား–ဆင်ဟွာ**
**ဘာသာပြန်–စိုးသူရ**



# အီသီယိုးပီးယားနိုင်ငံ၌ အမျိုးသားအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် ဖွဲ့စည်း

**အဒစ်အဘာဘာ နိုဝင်ဘာ ၁၈**

အီသီယိုးပီးယားနိုင်ငံ၌ အမျိုးသားအဆင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို ဖွဲ့စည်းလိုက်ကြောင်း အီသီယိုးပီးယားအစိုးရက နိုဝင်ဘာ ၁၇ ရက်တွင် ကြေညာခဲ့သည်။

**ပူးပေါင်းကူညီသွားမည်**

၎င်းကော်မရှင်သည် အစိုးရ၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို ပူးပေါင်းကူညီသွားမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း လက်ရှိဖြစ်ပွားနေသည့် အဂတိလိုက်စားမှုများသည် နိုင်ငံသားများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးကို ဆိုးကျိုးသက်ရောက်မှုရှိနေကြောင်း ဝန်ကြီးချုပ် အာဘေအာမက်က ပြောကြားသည်။

အဆိုပါ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်တွင် အဖွဲ့ဝင်များအဖြစ် တရားရေးဝန်ကြီး ဂီဒွန်တင်မိုသီဝိုနှင့် အမျိုးသားလုံခြုံရေးလုပ်ငန်း ညွှန်ကြားရေးမှူးချုပ် တီမက်ဂျင်တရူတို့ ပါဝင်ကြောင်း သိရသည်။ အီသီယိုးပီးယားနိုင်ငံအတွင်း လက်ရှိဖြစ်ပွားနေသည့် အဂတိလိုက်စားမှုများသည် ခန္ဓာကိုယ်အတွင်းလှိုက်စားနေသည့် ရောဂါပိုးနှင့်တူပြီး နိုင်ငံ၏သယံဇာတများကို ဝါးမြိုနေကြောင်းနှင့် အချို့သောတာဝန်ရှိသူများသည် စီးပွားရေးသမားများနှင့် ပူးပေါင်းကာ နိုင်ငံကို ဖျက်ဆီးရန်အတွက် ကြိုးစားနေကြောင်း အာမက်က ပြောကြားသည်။

ထို့ပြင် အဂတိလိုက်စားမှုများမှတစ်ဆင့် အမျိုးသားလုံခြုံရေးကို ထိခိုက်စေခဲ့ကြောင်းလည်း ၎င်းက ပြောကြားသည်။

**ပြုပြင်ပြောင်းလဲ**

နိုင်ငံအတွင်းဖြစ်ပွားနေသည့် အဂတိလိုက်စားမှုများအား ဥပဒေအရ ကိုင်တွယ်ဖြေရှင်းသွားရန် လိုအပ်ပြီး ပြုပြင်ပြောင်းလဲရေးများကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား–ဆင်ဟွာ၊ ဘာသာပြန်–စိုးသူရ**

# ဘားအံမြို့နယ် မိကရင်ကျေးရွာနေ အပြစ်မဲ့ပြည်သူ ငါးဦးကို PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက အကြောင်းမဲ့ လာရောက် ပစ်ခတ်သတ်ဖြတ်





PDF အမည်ခံ အကြမ်းဖက်အဖွဲ့များက ပစ်ခတ်သတ်ဖြတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် နိုဝင်ဘာ ၁၈

ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ မိကရင်ကျေးရွာနေ အပြစ်မဲ့ပြည်သူများကို နိုဝင်ဘာ ၁၇ ရက်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက အကြောင်းမဲ့လာရောက် ပစ်ခတ်သတ်ဖြတ်ခဲ့ခြင်းကြောင့် ရှစ်နှစ်အရွယ် ကလေးငယ် တစ်ဦးနှင့် အမျိုးသား နှစ်ဦးတို့ သေဆုံးခဲ့ပြီး အမျိုးသမီး နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မိကရင်ကျေးရွာနေ ဒေါ်စန်းအေး၊ ရှစ်နှစ်အရွယ် သမီးဖြစ်သူ မခိုင်စံပယ်ခင်၊ ၁၀ နှစ်အရွယ်သမီးဖြစ်သူ မပြည့်ပြည့်ဖြိုး၊ သားဖြစ်သူ မောင်စောအောင်မြင့်ထွန်းနှင့် နေအိမ်သို့ အလည်အပတ်ရောက်ရှိနေသူ စောအောင်ကျော်မြင့်တို့သည် နေအိမ်၌ရှိနေစဉ် ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်ခန့်တွင် PDF အမည်ခံ အကြမ်းဖက်သမားများက ကော့ဖျုံတောင်ဘက်မှ ယာဉ်နှစ်စီးဖြင့် ရောက်ရှိလာပြီး အကြောင်းမဲ့ ပစ်ခတ်သတ်ဖြတ်ခဲ့ကာ လာရာလမ်းအတိုင်း ပြန်လည်မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း၊ ထိုကဲ့သို့ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြောင်းမဲ့ပစ်ခတ် သတ်ဖြတ်ခဲ့မှုကြောင့် မခိုင်စံပယ်ခင်၊ မောင်စောအောင်မြင့်ထွန်းနှင့် စောအောင်ကျော်မြင့်တို့မှာ အခင်းဖြစ်ပွားရာနေရာ၌ပင် ထိမှန်ဒဏ်ရာများဖြင့် သေဆုံးခဲ့ပြီး ဒေါ်စန်းအေးနှင့် မပြည့်ပြည့်ဖြိုးတို့မှာ ထိမှန်ဒဏ်ရာများရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်တွင် သေဆုံးခဲ့သူများကို ဘားအံမြို့ရှိ ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ပြီး ဒဏ်ရာရရှိခဲ့သူများအား နယ်မြေခံတပ်မတော် ဆေးရုံသို့ ပို့ဆောင်၍ လိုအပ်သည့်ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ အေးချမ်းစွာနေထိုင်လုပ်ကိုင်စားသောက်လျက်ရှိသည့် ဒေသခံပြည်သူများအား အကြောင်းမဲ့ရက်စက်စွာ သတ်ဖြတ်ခဲ့သည့် PDF အမည်ခံ အကြမ်းဖက်သမားများအား အမြန်ဆုံးဖမ်းဆီးရမိနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် နိုဝင်ဘာ ၁၈

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUGနှင့်ယင်းတို့၏လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှ တစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၃)ရပ်ကွက်နေ ကျော်စွာဝင်းသည် ၎င်းအသုံးပြုသည့် "Kyaw Swar Win" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် နန်းတော်ရာရပ်ကွက်နေ ဝင်းညွန့်သည် ၎င်းအသုံးပြုသည့် "U Win Nyunt (မေတ္တာစမ်းရေ)"Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်း ပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဇနဖြူမြို့နယ်၌ မျိုးစေ့ချကိရိယာနှင့် ရိုးဖြတ်ခုတ်ကိရိယာဖြင့် အသုံးပြုစိုက်ပျိုးခြင်း သရုပ်ပြပွဲကျင်းပ

ဇနဖြူ နိုဝင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ဇနဖြူမြို့နယ် ကျုံတနီးကျေးရွာ ကွင်းအမှတ်(၁၁၉)၊ တောင်သူ ဦးအောင်ဌေး၏ လယ်မြေ၌ စက်မှုလယ်ယာဦးစီးဌာနမှ ထယ်ရေးမလိုသော မျိုးစေ့ချကိရိယာနှင့် ရိုးဖြတ်ခုတ်ကိရိယာဖြင့် အသုံးပြုစိုက်ပျိုးခြင်း သရုပ်ပြပွဲကို ယနေ့နံနက် ၉ နာရီက ကျင်းပခဲ့သည်။



အဆိုပါ သရုပ်ပြပွဲတွင် စက်မှုလယ်ယာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန်းဇော်ဦးက တောင်သူများအား ထယ်ရေးမလိုသောမျိုးစေ့ချစက်နှင့် ရိုးဖြတ်ခုတ်စက်တို့ကို အသုံးပြုခြင်းအားဖြင့် မျိုးစေ့ကုန်သက်သာခြင်း၊ မြေဩဇာပက်ဖျန်းရလွယ်ကူခြင်း၊ ရိတ်သိမ်းရလွယ်ကူခြင်း၊ လုပ်အားခသက်သာခြင်းနှင့် အချိန်ကုန်သက်သာမှုရှိကြောင်းတို့ကို ရှင်းလင်းပြောကြားပြီး စမ်းသပ်ဧက သုံးဧကအား သရုပ်ပြစိုက်ပျိုးခဲ့သည်။

အဆိုပါသရုပ်ပြပွဲသို့ စက်မှုလယ်ယာဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန်းဇော်ဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ဝေအောင်၊ စက်မှုလယ်ယာဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၊ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ စုစုပေါင်း ၇၆ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ကန်ကြီးထောင့်မြို့နယ်၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေပေးအပ်ပွဲ ကျင်းပ

ကန်ကြီးထောင့် နိုဝင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြစိမ်းရောင်(အသားကဏ္ဍ)ကျေးရွာစီမံကိန်း ရန်ပုံငွေ ပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကန်ကြီးထောင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်အောင်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး ပုသိမ်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာ သိန်းဆွေဦးက မြစိမ်းရောင်ကျေးရွာစီမံကိန်း ပေးအပ်ရခြင်းရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါက်တာကြည်လင်းစိုးက အသားကဏ္ဍ အထွက်တိုးတက်ရရှိရေး ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအား ရှင်းလင်းဆွေးနွေးခဲ့ပြီး ကျေးရွာစီမံကိန်းရန်ပုံငွေအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်အောင်က ပေးအပ်ခဲ့ရာ ကျေးရွာမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။ ထို့နောက် မြစိမ်းရောင်ကျေးရွာ ကော်မတီအဖွဲ့ဝင် တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေပြည်သာမြို့နယ်၌ မိုးစပါးစံပြကွက်ရိတ်သိမ်းပွဲ ကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၈

ရန်ကုန်တိုင်း ဒေသကြီး ရွှေပြည်သာမြို့နယ်တွင် မိုးစပါး စံပြကွက်ရိတ်သိမ်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီခွဲတွင် အမှတ်(၂)ရပ်ကွက် လိန်ကုန်းကျေးရွာ ကွင်းအမှတ်(၂၈၃) တောင်သူ ဦးသန်းထွန်း၏ တိုက်ရိုက်မျိုးစေ့ချ စိုက်ကွက် လေးဧက၌ GW-11 စပါး အမျိုးအစားအား ရိတ်သိမ်းခဲ့ကြောင်း သိရသည်။




မိုးစပါး စံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်ဦး၊ မြို့နယ်စီမံကိန်း ဦးစီးမှူး ဒေါ်နွယ်နီအေး၊ မြို့နယ်ပညာရေးမှူး ဦးဝင်းမြင့်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးခင်မောင်မြင့်နှင့် ဌာနဆိုင်ရာများ၊ ဒေသခံ တောင်သူများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ မိုးစပါးရိတ်သိမ်းပွဲတွင် GW-11 စပါးအမျိုးအစားအား တိုက်ရိုက်မျိုးစေ့ချ စိုက်ပျိုးခဲ့ပြီး တစ်ဧကလျှင် အစိုထွက်နှုန်း ၁၀၈ တင်း၊ အခြောက် တစ်ဧကလျှင် ၁၀၂ တင်းနှုန်း ထွက်ရှိခဲ့ကြောင်း သိရသည်။ **ဉာဏ်ဟိန်း**

# မြိတ်မြို့ သီတဂူဇီဝိတဒါန စက္ခုဒါနဆေးရုံထိန်းသိမ်းဆောင်ရွက်ရန် ရန်ပုံငွေအတွက် သီတဂူဆရာတော်က အလှူတော်ငွေကျပ် သိန်း ၅၀၀ လှူဒါန်း

မြိတ် နိုဝင်ဘာ ၁၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ တပ်ပြင်ရပ် စပါးရွှေဝါလမ်းရှိ သီတဂူဇီဝိတဒါန စက္ခုဒါနဆေးရုံ ထိန်းသိမ်းဆောင်ရွက်ရေး ရန်ပုံငွေအတွက် သီတဂူဆရာတော်က အလှူတော်ငွေကျပ်သိန်း ၅၀၀ ကို ယနေ့ နံနက်ပိုင်းက မြိတ်ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဧည့်ရိပ်သာအစည်းအဝေးခန်းမ၌ လှူဒါန်းသည်။

အဆိုပါ ဆေးရုံ ထိန်းသိမ်းဆောင်ရွက်နိုင်ရေး အတွက် နိုင်ငံတော်ဩဝါဒါစရိယ ကမ္ဘာ့သာသနာပြု ရွှေကျင်နိကာယ သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓ တက္ကသိုလ်များနှင့် သီတဂူဆေးရုံများ၏ အဓိပတိ အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ ဒေါက်တာအရှင်ဉာဏိဿရ ကိုယ်စား တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက အလှူတော်ငွေ ကျပ်သိန်း ၅၀၀ လှူဒါန်း ပေးအပ်ရာ ဆေးရုံတော်စီမံစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းဝင်းက လက်ခံရယူသည်။

ထို့နောက် သီတဂူဆရာတော် ဒေါက်တာအရှင် ဉာဏိဿရက မြိတ်မြို့ရှိ ဆရာတော်များနှင့် ဆေးရုံ စီမံစောင့်ရှောက်ရေးအဖွဲ့အား ဆေးရုံအလုပ်အမှု ဆောင်ကော်မတီကို စနစ်တကျဖွဲ့စည်းပြီး ဆောင်ရွက် ကြရန် မိန့်ကြားသည်။ မြိတ်မြို့ သီတဂူဇီဝိတဒါန စက္ခုဒါနဆေးရုံကို ယမန်နေ့က ဖွင့်လှစ်ခဲ့ပြီး ဆေးရုံ အတွင်း ရဟန်းရှင်လူပြည်သူများအား အထူးကု ဆရာဝန်ကြီးများက မျက်စိရောဂါဝေဒနာများကို အခမဲ့စမ်းသပ်ခွဲစိတ် ဆောင်ရွက်ပေးလျက်ရှိသည်။

မြိတ်မြို့ သီတဂူဇီဝိတဒါန စက္ခုဒါနဆေးရုံကို သီတဂူဆရာတော်ဦးဆောင်မှုဖြင့် ခုနစ်ရက်သားသမီး အလှူရှင်များ စုပေါင်းလှူဒါန်းငွေကျပ်သိန်း ၄၅၀၀ ကျော်နှင့် ဆေးရုံအတွင်း တပ်ဆင်အသုံးပြုရန် သီတဂူဆရာတော်ကြီး လှူဒါန်းသည့် စက်ပစ္စည်း တန်ဖိုး အမေရိကန်ဒေါ်လာ တစ်သိန်းခွဲတို့ဖြင့်




တပ်ဆင်တည်ဆောက်ထားခြင်းဖြစ်ပြီး ဆေးရုံ ထိန်းသိမ်းဆောင်ရွက်ရန် ရန်ပုံငွေအတွက် သီတဂူ ဆရာတော်က အလှူတော်ငွေ ထပ်မံလှူဒါန်းခြင်း ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## လွိုင်လင်မြို့၌ မိုးစပါးစံကွက်ရိတ်သိမ်း

လွိုင်လင် နိုဝင်ဘာ ၁၈

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့၌ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို နိုဝင်ဘာ ၁၈ ရက် နံနက်ပိုင်းက တောင်နောက်ကျေးရွာအုပ်စု ကွင်းအမှတ် (၁-ခ) ဟိုတင့်ရွာအရှေ့မြောက်ကွင်း ဦးပိုင်အမှတ် (၄) ဧရိယာ သုည ဒသမ ၆၈ ဧကရှိ တောင်သူဦးတမက်၏ ဧည့်မထအထွက်ကောင်းစိုက်ပျိုးသော လယ်ကွက်တွင် စုပေါင်းရိတ်သိမ်းရာ စပါး အခြောက်အထွက်နှုန်း တစ်ဧက ၅၈ ဒသမ ၄၈ တင်းထွက်ရှိကြောင်း သိရသည်။

အဆိုပါမိုးစပါးစံကွက် စုပေါင်းရိတ်သိမ်းခြင်းသို့ လွိုင်လင်ခရိုင် အုပ်ချုပ်ရေးမှူး ဦးကံစောလှိုင်၊ ခရိုင်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဇော်မိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းထွဋ်၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးကျော်မင်းနိုင်နှင့်ဝန်ထမ်းများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမြင့်ဆွေနှင့်ဝန်ထမ်းများ စုပေါင်း၍ မိုးစပါးစံကွက်ရိတ်သိမ်းကြကြောင်း မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

## နိုင်ငံတကာ မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းပြပွဲတွင် ပညာပေးဟောပြောပွဲများ ပြုလုပ်မည်

ရန်ကုန် နိုဝင်ဘာ ၁၈

နိုင်ငံတကာ မွေးမြူရေး၊ စိုက်ပျိုးရေး နှင့်ရေလုပ်ငန်းပြပွဲကို နိုဝင်ဘာ ၁၈ ရက်မှ နိုဝင်ဘာ ၂၀ ရက်အထိ ရန်ကုန်မြို့ အင်းယားလိတ်ဟိုတယ်ဝင်းရှိ ရန်ကုန်ကွန်ဗင်းရှင်း စင်တာ၌ ကျင်းပလျက်ရှိသည်။

ပြပွဲတွင် မွေးမြူရေး၊စိုက်ပျိုးရေးပညာပေး ဟောပြောပွဲများနှင့် ချေးငွေနှင့် ငွေကြေး စီမံခန့်ခွဲခြင်းဆိုင်ရာ ဟောပြောပွဲများကို ထည့်သွင်းဟောပြောသည်။

နိုဝင်ဘာ ၁၉ ရက် ( စနေနေ့ ) မွန်းတည့် ၁၂ နာရီတွင် ဒေါက်တာတင့်ဆွေ( B.V.S ) က ဇီဝဖိုးငှက်မွေးမြူ၍ ငှက်သိုက်ထုတ်လုပ်ခြင်း ဆိုင်ရာ ခေတ်မီနည်းပညာများအကြောင်းကို လည်းကောင်း၊ မွန်းလွဲ ၁ နာရီခွဲတွင် ပညာရှင်များက မြန်မာနိုင်ငံ၏စားနပ်ရိက္ခာ ထုတ်လုပ်မှု တည်တံ့ခိုင်မြဲမှုကိုလည်းကောင်း ဆွေးနွေး ဟောပြောမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆိုတက်ရောက်နိုင်ကြောင်း သိရသည်။

မျိုးမင်းသူရ

## မအူပင်မြို့နယ်၌ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် ရပ်မိရပ်ဖများ၊ ပြည်သူများ တွေ့ဆုံဆွေးနွေးပွဲကျင်းပ

မအူပင် နိုဝင်ဘာ ၁၈

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ နယ်မြေစိုးမိုးရေး အတွက် စစ်ကြောင်းကြီး ငါးကြောင်းဖြင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ များနှင့် ကျေးရွာအတွင်းရှိ ရပ်မိရပ်ဖများ၊ ပြည်သူများ တွေ့ဆုံပွဲကို သုံးခွကျေးရွာအုပ်စု အဘယခေမိကဘောက်ထော်ကျောင်းတိုက်ဓမ္မာရုံ၌ ယနေ့နံနက် ၁၀ နာရီက ကျင်းပဆောင်ရွက်ခဲ့သည်။

တွေ့ဆုံဆွေးနွေးပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေး၊ မူခင်းလျော့နည်းကျဆင်းရေး၊ နိုင်ငံသားစိစစ်ရေးကတ်နှင့် အိမ်ထောင်စုလူဦးရေစာရင်းများ လွယ်ကူစွာပြုလုပ်နိုင်ရေး၊ ကျန်းမာရေး၊ ပညာရေး၊စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဒေသဖွံ့ဖြိုးရေး စသည့်လုပ်ငန်း ကိစ္စရပ် အသီးသီးအား သက်ဆိုင်ရာဌာနများအလိုက် ရှင်းလင်းဆွေးနွေး ပြောကြားပြီး တက်ရောက်လာကြသည့်ပြည်သူများက သိရှိလိုသည် များကို မေးမြန်းရာ သက်ဆိုင်ရာဌာနအလိုက် ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

အဆိုပါတွေ့ဆုံပွဲသို့ မအူပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်း၊ အဖွဲ့ဝင်(၁) ဗိုလ်မှူးအေးမောင်ချိုနှင့်အဖွဲ့ဝင်များ၊ မြို့နယ်



အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများနှင့် ပြည်သူများ တက်ရောက်ကြပြီး တက်ရောက် လာသော ပြည်သူများအား ဆန်များလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၁၈

နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ် (တောင်ပိုင်းနှင့်အရှေ့ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမှ နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာမည်။

မိုး/ဇလ

## မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ်များ ဖိတ်ခေါ်ခြင်း

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ကြီးမှူးကျင်းပမည့် ၂၀၂၃ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျရောက်သည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ဝတ္ထုတို၊ ဆောင်းပါး၊ ကဗျာ၊ တေးသီချင်း၊ ခေတ်ပုံ၊ ကွန်ပျူတာပိုစတာ၊ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ ဖိတ်ခေါ်ပြိုင်ပွဲများတွင် ခေါင်းစဉ်အဖြစ် အသုံးပြုရန်အတွက် မူးယစ်ဆေးဝါးပပျောက်ရေးဆောင်ပုဒ်ငါးခု ရွေးချယ်မည်ဖြစ်ပါ၍ အောက်ပါသတ်မှတ်ချက်များအတိုင်း ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) တစ်ဦးလျှင် ဆောင်ပုဒ်နှစ်ခု ပါဝင်ယှဉ်ပြိုင်နိုင်ပါသည်။

(ခ) ဆောင်ပုဒ်တစ်ခုချင်းစီအား မြန်မာ-အင်္ဂလိပ် နှစ်ဘာသာဖြင့် ယှဉ်ပြိုင်ရမည်။

(ဂ) မြန်မာဘာသာအတွက် Font size- 13, Pyidaungsu Font ဖြင့်လည်းကောင်း၊ အင်္ဂလိပ်ဘာသာ အတွက် Font size- 12, Pyidaungsu Font ဖြင့်လည်းကောင်း ယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဃ) ပြိုင်ပွဲဝင်ဆောင်ပုဒ်များအား ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့အရောက် ပေးပို့ယှဉ်ပြိုင်ရမည်။

(င) ဆောင်ပုဒ်များကို Fax ၀၆၇၃ - ၄၀၁၇၄၈ နှင့် Email - ccdac.mm@gmail.com သို့ ပေးပို့ရမည်။

(စ) ဆောင်ပုဒ်ယှဉ်ပြိုင်သူများ၏ ဆက်သွယ်ရန် ဖုန်းနံပါတ်နှင့် အမည်၊ နေရပ်လိပ်စာ ပြည့်စုံစွာပါရှိရမည်။

**မှတ်ချက်။ မူးယစ်ဆေးဝါးပပျောက်ရေးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ပြည်သူအားလုံးမှ တက်ကြွစွာ ပူးပေါင်းပါဝင်ယှဉ်ပြိုင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၉-၁၁-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၄၀ | ၂၀၈၅ | ၂၀၈၀ | ၂၀၅၀ | ၂၀၈၅ | ၂၁၁၀ | ၂၀၉၅ | ၂၀၇၅ | ၂၁၆၅ | ၂၁၈၀ | ၂၀၈၀ | ၂၀၈၅ | ၂၁၂၀ | ၂၁၂၅ | ၂၁၂၅ | ၂၃၄၅ | ၂၉၂၀ |
| 95 Ron | ၂၁၄၀ | ၂၁၉၀ | ၂၁၈၅ | ၂၁၅၀ | ၂၁၈၅ | ၂၂၁၀ | ၂၁၉၅ | ၂၁၇၅ | ၂၂၆၅ | ၂၂၈၅ | ၂၁၈၀ | ၂၁၉၅ | ၂၂၂၅ | ၂၂၂၅ | ၂၂၂၅ | ၂၄၄၅ | ၃၀၀၀ |
| HSD (500 ppm) | ၂၅၀၅ | ၂၅၅၅ | ၂၅၅၀ | ၂၅၁၅ | ၂၅၅၀ | ၂၅၇၅ | ၂၅၇၀ | ၂၅၄၀ | ၂၆၅၅ | ၂၆၅၀ | ၂၅၄၅ | ၂၅၅၅ | ၂၅၉၀ | ၂၅၉၀ | ၂၅၉၀ | ၂၈၁၀ | ၃၆၄၀ |
| HSD (50 ppm) | ၂၅၈၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၂၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၂၀ | ၂၆၃၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၆၅ | ၂၈၈၅ | ၃၆၆၅ |
| HSD (10 ppm) | ၂၅၈၀ | ၂၆၃၀ | ၂၆၂၅ | ၂၅၉၀ | ၂၆၂၅ | ၂၆၅၀ | ၂၆၄၅ | ၂၆၁၅ | ၂၇၃၀ | ၂၇၂၅ | ၂၆၂၀ | ၂၆၃၀ | ၂၆၆၅ | ၂၆၆၅ | ၂၆၆၅ | ၂၈၈၅ | ၃၆၆၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၄၂ | ၂၀၁၄ |
| 95 Ron | ၂၀၄၀ | ၂၁၁၄ |
| HSD (500 ppm) | ၂၃၉၄ | ၂၄၇၁ |
| HSD (50 ppm) | ၂၄၆၇ | ၂၅၄၆ |
| HSD (10 ppm) | ၂၄၆၇ | ၂၅၄၆ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေး တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ



## စိုက်ပျိုးရေးတောင်သူများအား သဘာဝမြေသြဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်နည်းသင်တန်း ဖွင့်လှစ်ပို့ချသွားမည်

မန္တလေး နိုဝင်ဘာ ၁၈

မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ဦးဆောင်ပြီး စိုက်ပျိုးရေးတောင်သူများအား သဘာဝမြေသြဇာနှင့် ပိုးသတ်ဆေးထုတ်လုပ်နည်းသင်တန်းကို နိုဝင်ဘာလကုန်တွင် နှစ်ရက်ကြာ ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ကြောင်း အဆိုပါအသင်းမှ သိရသည်။

အဆိုပါ သင်တန်းတွင် စိုက်ပျိုးရေးတောင်သူများနှင့် စိုက်ပျိုးရေးဝါသနာရှင်များအား မန္တလေးမြို့ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းရုံး၌ နှစ်ရက်ကြာ စာတွေ့လက်တွေ့နည်းလမ်းများဖြင့် ဖွင့်လှစ်ပို့ချသွားမည်ဖြစ်ကြောင်း၊ ယင်းသင်တန်းတွင် သဘာဝမြေသြဇာပြုလုပ်နည်း၊ ပိုးသတ်ဆေးပြုလုပ်နည်း၊ သဘာဝမြေဆွေးပြုလုပ်နည်းများကို သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းမှ ဒုတိယဥက္ကဋ္ဌ ဦးကျော်စိုးနိုင်က ပြောသည်။

"အခုလို မြေသြဇာနဲ့ ပိုးသတ်ဆေးတွေ ဈေးကြီးနေတဲ့အချိန်မှာ အမြဲတမ်းသုံးနေတဲ့ သွင်းအားစုတွေဖြစ်တဲ့ မြေသြဇာနဲ့ ပိုးသတ်ဆေးတွေအစား စွန့်ပစ်ပစ္စည်းတွေကနေ မိမိတို့ကိုယ်တိုင်ထုတ်လုပ်ထားတဲ့ သဘာဝမြေသြဇာကို အသုံးပြုနိုင်အောင် အခုလိုသင်တန်းပေးဖို့ စီစဉ်ဆောင်ရွက်တာပါ။ သင်တန်းမှာဂျပန်နိုင်ငံက မြေဆွေးပြုလုပ်နည်းပါမယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ သင်တန်းတွင် အသက်အရွယ်၊ ပညာအရည်အချင်း ကန့်သတ်ထားခြင်းမရှိဘဲ စိုက်ပျိုးရေးကို စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး သင်တန်းသား သင်တန်းသူဦးရေ ၃၀ သာ ကန့်သတ်ထားကြောင်း သိရသည်။

မောင်အေးချမ်း

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြုသင်တန်း(၆/၂၀၂၂)ဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် နိုဝင်ဘာ ၁၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရွှောင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့် သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်(၈)ခု၊ အပတ်စဉ် တစ်ခုလျှင် (၆)ပတ်ကြာသင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၂-၂၀၂၃ ခု ဘဏ္ဍာနှစ်အတွင်း သင်တန်းအပတ်စဉ် (၆/၂၀၂၂)အား (၂၈-၁၁-၂၀၂၂)ရက်နေ့မှ (၆-၁-၂၀၂၃)ရက်နေ့ထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရန်ကုန်)**
  အမှတ်-၁၃၅၊ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊
  ဖုန်း ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x၂၆ လမ်းကြား၊
  အောင်မြေသာစံမြို့နယ်၊ စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့၊
  ဖုန်း ၀၂-၄၀၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့၊
  ဖုန်း ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (တောင်ငူ)**
  အမှတ် (၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း ၀၅၄-၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊
  ဖုန်း ၀၇၄-၂၅၂၂၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေး ကားလမ်းဘေး၊ ဖျာပုံမြို့၊
  ဖုန်း ၀၉-၄၅၅၇၈၈၀၂၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ပုသိမ်)**
  အမှတ်-၂ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊
  ဖုန်း ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၇၃
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊
  စစ်တွေမြို့၊ ဖုန်း ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ရွှောင်)**
  အမှတ်-၈၂၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊
  အင်းကုန်းကျေးရွာ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရွှောင်မြို့၊
  ဖုန်း ၀၉- ၇၈၁၁၁၆၂၇၂
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း (ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီအနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊
  ဖုန်း ၀၅၉-၂၀၂၄၀၀၉

လူမှုဝန်ထမ်းဦးစီးဌာန

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ပုသိမ် နိုဝင်ဘာ ၁၈**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းသည် ယမန်နေ့မွန်းလွဲပိုင်းက ဟင်္သာတမြို့နယ် မြို့ကွင်းကျေးရွာတွင် ကျင်းပသည့် ၂၀၂၂ ခုနှစ် ဆောင်းရာသီ ဆီထွက်သီးနှံ(နေကြာ)မျိုးစေ့ပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်က တိုင်းဒေသကြီးအတွင်း စားသုံးဆီဖူလုံမှုရှိစေရန် ဆီထွက်သီးနှံ နေကြာအား တိုးချဲ့စိုက်ပျိုးလျက်ရှိပါကြောင်း၊ တစ်ဧကအထွက်နှုန်းကောင်းပြီး ဆီထွက်ရှိမှုနှုန်းကောင်းသည့် နေကြာမျိုးများအား တောင်သူများထံသို့ အချိန်မီထောက်ပံ့ပေးလျက်ရှိပါကြောင်း၊ ဆီထွက်သီးနှံလျာထားဧက ပြည့်မီအောင် စိုက်ပျိုးပြီး မိမိတို့တိုင်းဒေသကြီး ဆီဖူလုံမှုရှိစေရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားပြီး တောင်သူများထံသို့ နေကြာမျိုးစေ့များ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် မြို့ကွင်းကျေးရွာအုပ်စုရှိတောင်သူ ငါးဦး၏ လယ်ဧက ၂၀ တွင် ပြုလုပ်သည့် ရေဆင်း-၁ စပ်မျိုးနေကြာ မျိုးစေ့ချပွဲနှင့်ဆိုလာစနစ်ဖြင့် ရေတင်စိုက်ပျိုးနေမှုများအားကြည့်ရှုအားပေးကာ နေကြာစိုက်တောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လေးမျက်နှာမြို့နယ် ကြီးပေါက်ကုန်း ကျေးရွာအုပ်စုရှိ တောင်သူ ဦးအောင်ကျော်သိန်း၏ ဆင်းရွှေကြာ(၂) နေကြာမျိုးစေ့ထုတ်စိုက်ခင်း၌ နေကြာစိုက်ပျိုးနေမှုအား ကြည့်ရှုအားပေးသည်။

**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဝန်ကြီးချုပ်သည် ပုသိမ်(ကံကလေး)-မုံရွာလမ်းမိုင်(၄၄/၆-၄၄/၇) ၁ ဖာလုံနှင့်( ၄၄/၇-၄၅/၂ ဒသမ ၅) ၃ ဒသမ ၅ ဖာလုံတို့အား ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် တိုင်းဒေသကြီးငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းနှင့် လေးမျက်နှာမြို့နယ် ပန်းတောကြီးကျေးရွာအုပ်စု ဆောင်းနေကြာ သီးသန့်စိုက်ဧက ၅၀ အတွက် စိုက်ပျိုးရေရရှိရေး မရမ်းချောင်းရိုးပြန်လည်တူးဖော်ခြင်းလုပ်ငန်း၊ အလျား(၁ ဒသမ ၂၅)မိုင်၊ ထိပ်ဝ အကျယ် ၁၈ ပေ၊ အနက် ၆ ပေ တူးဖော်ခြင်းလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် လေးမျက်နှာမြို့နယ် လှော်ကထားကျေးရွာအုပ်စုရှိ တိုးတက်ကုမ္ပဏီ ရော်ဘာအစေးခြစ်ခြင်းနှင့် ရော်ဘာကုန်ကြမ်းထုတ်လုပ်မှုအဆင့်ဆင့်တို့အား ကြည့်ရှုစစ်ဆေးသည်။



ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်သည် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေကြည်မြို့နယ် ဆီဆုံကုန်းကျေးရွာ အမှတ်(၁၊ ၂၊ ၃၊ ၄) ကုန်ထုတ်လမ်းဖောက်လုပ်နေမှုအား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းဆောင်ရွက်ရာတွင် သတ်မှတ်အရည်အသွေး စံချိန်စံညွှန်းများ ပြည့်မီရေး၊ ဘဏ္ဍာနှစ်အတွင်းလုပ်ငန်းများ ပြီးစီးစေရေးတို့အား လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရွှေသွေးဂျာနယ် ထွက်ရှိ

**နေပြည်တော် နိုဝင်ဘာဘာ ၁၈**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၁၉ -၁၁ - ၂၀၂၂ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ(၅၄)၊ အမှတ်(၄၇)တွင် မိမိ၏ အတ္တနှင့်ပေ့ါဆမှုကြောင့် စာမေးပွဲတွင် ဒုတိယဆုသာရရှိခဲ့သော ပုပုအကြောင်းကို ကလေးများ အတုယူရှောင်ရှားနိုင်စေရန် တင်ဆက်ထားသည့် “ပုပုပါဝင်သည့် နောင်ဆိုသတိထားရမယ်” မျက်နှာဖုံးကာတွန်း၊ မြန်မာပြက္ခဒိန်၏ နတ်တော်လဆန်း ၁ ရက်တွင် ကျင်းပလေ့ရှိသော စာဆိုတော်နေ့အကြောင်းကို ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် “စာသဘင်ပွဲဆင်နွဲ့ရွှင်ပျော် လနတ်တော်” သုတဆောင်းပါးကဏ္ဍ၊ စိမ်းလဲ့နှင့်ပါဂျဲတို့နှစ်ဦး တစ်ဦးနှင့်တစ်ဦး တွက်ကတ်နေ၍ ဟင်းအိုးတူးသွားရသည်ကို တင်ဆက်ထားသည့် “တွက်ကတ်ကြလို့” နှစ်မျက်နှာကာတွန်း၊ မည်သည့် ပညာရပ်မဆို ငယ်ရွယ်စဉ်၌ ကျွမ်းကျင်မှုရှိစေရန် သင်ယူထားသင့်ကြောင်း သိရှိနိုင်စေရန် ရေကူးပညာ သင်ယူမထား၍ရေနစ်ခဲ့ရသည့်ချောစုအကြောင်းကို အတုယူဖွယ် တင်ဆက်ထားသည့် “လေ့လာမှပေ့ါ” ဝတ္ထုကဏ္ဍ၊ လူထုအကြား ပြန့်ပွားနေဆဲဖြစ်သော ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုမှ ကာကွယ်နိုင်ရန် လိုက်နာရမည့်အချက်အချို့ကို တင်ဆက်ထားသည့် “ဖိုးလပြည့်” တစ်မျက်နှာကာတွန်း၊ ကောက်ကျစ်သောမြေခွေးကို ပေါင်းသင်းမိ၍ အသက်ဆုံးရှုံးသွားရသော ကျားလေးအကြောင်းကို တင်ဆက်ထားသည့် “အပေါင်းအသင်း မှားလျှင်” ပုံပြင်ကဏ္ဍ၊ ကလေးတို့ပေးပို့သော ကာတွန်းများကို ထည့်သွင်းဖော်ပြထားသည့် “ရွှေသွေးတို့လက်ရာ” ကဏ္ဍ၊ လူနှင့်အခြားသတ္တဝါများ အရိပ်နားခိုနိုင်ရန်နှင့် စားသောက်နိုင်စေရန် သီးပင်စားပင်များ စိုက်ပျိုးလှူဒါန်းမှုကြောင့် အသက်ရှည်ကျန်းမာခဲ့ရသောမြေပိုင်ရှင် သူဌေးတစ်ဦးအကြောင်းကို တင်ဆက်ထားသည့် “မနေရတဲ့အခါ” နှစ်မျက်နှာကာတွန်း၊ သူငယ်ချင်းများကို ဒုက္ခရောက်မည့်အခြေအနေမှ ကယ်တင်ခဲ့သော ကိုစည်၏သူငယ်ချင်းကောင်း ပီသမှုကို ဖော်ကျူးရေးဖွဲ့ထားသည့် “သူငယ်ချင်းကောင်း” နှစ်မျက်နှာကာတွန်း၊ စာပေပညာရှင်များ၏ ဂုဏ်ကျေးဇူးနှင့် ပူဇော်ကန်တော့ပွဲအကြောင်းကို ရေးဖွဲ့ထားသည့် “ဦးခိုက်ပူဇော်စာဆိုတော်” ကဗျာကဏ္ဍအပါအဝင် ဉာဏ်စမ်းကဏ္ဍနှင့် အင်္ဂလိပ်သဒ္ဒါကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ်အရောင်းဆိုင်များတွင် ဝယ်ယူနိုင်ကြောင်း သိရသည်။




**သတင်းစဉ်**

## အလွတ်တန်းဆောင်းပါးပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရန် ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ (၃)ရက်နေ့တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မသန်စွမ်းသူများနေ့ အထိမ်းအမှတ်ဆောင်ပုဒ်ဖြစ်သည့် “Transformative solutions for inclusive development: the role of innovation in fuelling an accessible and equitable world” “အားလုံးပါဝင်ဖွံ့ဖြိုးဖို့ ဆန်းသစ်တီထွင် အဖြေရှာစို့။ အားလုံးလက်လှမ်းမီညီမျှရေး၊ တီထွင်ဖန်တီးမှု စွမ်းအားဖြင့် ဆောင်ရွက်ပေး” ဟူ၍ မြန်မာဘာသာသို့ ပြန်ဆိုထားရှိပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ စာပေဝါသနာရှင်များအနေဖြင့် ယခုနှစ်အတွက်သတ်မှတ်ထားရှိသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်းပါးပါဝင်ယှဉ်ပြိုင်နိုင်ကြောင်း ဖိတ်ခေါ်အပ်ပါသည်။ ဆောင်းပါးတွင် အောက်ဖော်ပြပါ အချက်များ ထည့်သွင်းရေးသားသင့်ပါသည်-

(က) မသန်စွမ်းသူများအတွက် လူ့အခွင့်အရေးဆိုင်ရာ နိုင်ငံတကာလှုပ်ရှားဆောင်ရွက်မှုများ၊
( ခ ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ပေါ်ပေါက်လာပုံ၊
( ဂ ) အပြည်ပြည်ဆိုင်ရာမသန်စွမ်းသူများနေ့ ကျင်းပရသည့် ရည်ရွယ်ချက်၊
(ဃ) မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းတွင်ဖော်ပြပါရှိသော တန်းတူအခွင့်အရေးများ၊
( င ) နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ချက်များ၊
( စ ) မသန်စွမ်းသူများကြုံတွေ့နေရသည့် အတားအဆီးတို့နှင့် စပ်လျဉ်း၍ ထင်မြင်ယူဆချက် (ဥပမာ - မသန်စွမ်းသူများ လူ့အဖွဲ့အစည်းအတွင်း အများနည်းတူ နေထိုင်ရှင်သန်နိုင်ရေးအတွက် ကြုံတွေ့နေရသည့် အခြေခံအဆောက်အဦဆိုင်ရာ၊ လူ့အဖွဲ့အစည်းဆိုင်ရာ အတားအဆီးများ၊ မသန်စွမ်းသူများအပေါ် ၎င်းအတားအဆီးတို့၏ အကျိုးသက်ရောက်မှုနှင့် အတားအဆီးကင်းသော ပတ်ဝန်းကျင်၏ အဓိပ္ပာယ်)၊
(ဆ) မသန်စွမ်းသူများအတွက် နည်းပညာအရေးပါမှုနှင့် တီထွင်ဆန်းသစ်မှုများ၊
( ဇ ) ကိုဗစ်-၁၉ ကာလအတွင်း မသန်စွမ်းသူများကြုံတွေ့နေရသည့် အတားအဆီးတို့ကို ဖယ်ရှားပြီး မသန်စွမ်းသူများ အကျုံးဝင်ပါဝင်မှုကို သေချာစေခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်မည့်အခွင့်အလမ်းများ၊
( ဈ ) အကြံပြုချက်များ။

၃။ ပါဝင်ယှဉ်ပြိုင်သူများသည် မိမိတို့ရေးသားယှဉ်ပြိုင်မည့် ဆောင်းပါးတို့ကို ပြန်လည်ထူထောင်ရေးဦးစီးဌာန၊ ထိခိုက်လွယ်အုပ်စုများဌာနခွဲ တယ်လီဖုန်းအမှတ်-၀၆၇-၃၄၀၄၆၀၃၊ ၀၆၇-၃၄၀၄၆၀၄ နှင့် E-mail-vulnerablegroup.dor@gmail.com တို့ထံ ဆက်သွယ်၍ (၂၅.၁၁.၂၀၂၂)ရက်၊ သောကြာနေ့၊ ညနေ(၁၆:၀၀)နာရီအထိ နောက်ဆုံးထားပေးပို့ရမည်ဖြစ်ပါသည်။

၄။ ပေးပို့လာသည့် ဆောင်းပါးစာမူတို့ကို စိစစ်ရွေးချယ်ရေးအဖွဲ့ဖြင့် ရွေးချယ်ပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုများအား ထိုက်ထိုက်တန်တန် ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## သထုံမြို့နယ်၌ မသန်စွမ်းသူများအခွင့်အရေးဆိုင်ရာ အသိပညာပေးဆွေးနွေး

**သထုံ နိုဝင်ဘာ ၁၈**

မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးရှိ လူထုအခြေပြုဗဟိုဌာနခန်းမတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မွန်ပြည်နယ် မသန်စွမ်းသူများ အသင်းတို့ ပူးပေါင်းပြီး ယနေ့မွန်းလွဲပိုင်းက မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက အသိပညာပေးဆွေးနွေးပွဲ ကျင်းပရသည့် ရည်ရွယ်ချက်ကို ပြောကြားပြီး မွန်ပြည်နယ်မသန်စွမ်းသူများ အသင်းဥက္ကဋ္ဌ ဦးစောအောင်သိန်းတင်နှင့် အဖွဲ့ဝင်များက မွန်ပြည်နယ် မသန်စွမ်းသူများ အသင်း၏ ဖွဲ့စည်းပုံ၊ မသန်စွမ်းအခွင့်အရေးနှင့်ပတ်သက်သည့် ဥပဒေ၊ နည်းဥပဒေများ၊ မွန်ပြည်နယ်အတွင်းရှိ မသန်စွမ်းသူများ၏အခြေအနေ၊ ခွဲခြားဆက်ဆံမှုအခြေအနေ၊ မသန်စွမ်းသူများအတွက် ပညာရေး၊ ကျန်းမာရေးကဏ္ဍ စသည့် မသန်စွမ်းသူများ အခွင့်အရေးဆိုင်ရာ သိမှတ်ဖွယ်ရာများကို ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

**နဒီ(ပြန်/ဆက်)**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

## Grade 6

ယခင်အပတ်က Unit 5 Lesson 4: Filling in a form သင်ခန်းစာပါ အကြောင်းအရာများကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာတော့ Unit 6 Lesson 1: Let's eat out! အကြောင်း ဖော်ပြသွားမှာဖြစ်ပါတယ်။

### Unit 6 Lesson 1: Let's eat out! (စားသောက်ဆိုင်မှာ စားကြစို့)

- Ordering food and drinks (စားသောက်ဖွယ်ရာများ မှာယူခြင်း)
- Talking about prices (ဈေးနှုန်းအကြောင်းပြောခြင်း)

**Ordering food and drinks**

**Waiter/ Waitress (စားပွဲထိုး)**

1. Are you ready to order? (မှာယူဖို့ အဆင်သင့်ဖြစ်ပြီလားခင်ဗျာ။)
2. What would you like to have? (ဘာများမှာယူချင်ပါသလဲ။)
3. What will you have? (ဘာများမှာယူချင်ပါသလဲ။)
4. Would you like something to drink? (တစ်ခုခုများ သောက်ချင်ပါသလား။)
5. Can I take your order? (မှာယူဖို့အဆင်သင့်ဖြစ်ပြီလား။)
6. What would you like for a starter? (အရင်ဦးဆုံး ဘာများ မှာယူချင်ပါသလဲ။)
7. Anything to drink? (တစ်ခုခုများသောက်မလား။)
8. Would you like any coffee? (ကော်ဖီသောက်မလား ခင်ဗျာ။)
9. Here you are. (ဒီမှာပါခင်ဗျာ။)
10. Anything else? (တခြားမှာစရာများရှိသေးလားဗျာ။)
11. It is 4000 Kyats. (၄၀၀၀ ကျပ် ကျပါတယ်။)

**Customer (စားသုံးသူ)**

1. Could you bring us the menu, please? (စားသောက်ဖွယ်ရာ စာရင်း ယူလာပေးနိုင်မလားဗျာ။)
2. The menu, please? (စားသောက်ဖွယ်ရာစာရင်း ယူလာပေးနိုင်မလားဗျာ။)
3. What's on the menu? (ဘာတွေရနိုင်သလဲခင်ဗျာ။)
4. May I have some water, please? (ရေသောက်လို့ရမလား ဗျာ။)
5. I/We would like ___. (ကျွန်တော်က ____ စားချင်ပါတယ်။)
6. That will be all for now. (အခုအတွက်တော့ ဒီလောက်ပါပဲ။)
7. Could you bring us the salt, the pepper…etc.? (ဆားနဲ့ငရုတ်ကောင်း ယူလာပေးနိုင်မလားဗျာ။)
8. That is all. Thank you. (ဒီလောက်ပါပဲ။ ကျေးဇူးတင်ပါတယ်။)
9. No, thanks, I am full after the meal. (လုံလောက်ပါပြီ။ ကျေးဇူးတင်ပါတယ်။ ဗိုက်ပြည့်သွားပါပြီ။)
10. We would like a little longer, please. (ခဏလောက်နေမှ မှာပါ့မယ်။)
11. Waiter, how much does it cost? (စားပွဲထိုး ဒါဘယ်လောက်ကျသလဲ။)
12. Waiter, how much does our bill come to? (စားပွဲထိုး ဒါ ဘယ်လောက်ကျသလဲ။)

(A) **Read the dialogue on ordering food and drinks, and practise the dialogue. (စားသောက်ဖွယ်ရာ မှာယူရန် ပြောဆိုသည့်စကားပြောပုံစံကို ဖတ်ပြီး အပြန်အလှန်လေ့ကျင့်ပါ။)**

**Dialogue (1)**

Waiter: Good morning. What would you like to have?
စားပွဲထိုး - မင်္ဂလာနံနက်ခင်းပါ။ ဘာများသုံးဆောင်ချင်ပါသလဲခင်ဗျာ။
Customer: May we look at the menu first?
စားသုံးသူ - စားသောက်ဖွယ်ရာစာရင်း ကြည့်လို့ရမလား။
Waiter: Here you are.
စားပွဲထိုး - ရော့ဒီမှာပါခင်ဗျာ။
Customer: Yes, I'll have rice and chicken curry.
စားသုံးသူ - ဟုတ်ပါပြီ။ ထမင်းနဲ့ ကြက်သားဟင်းစားပါမယ်။
Waiter: Would you like anything to drink?
စားပွဲထိုး - တစ်ခုခု သောက်ဦးမလား။
Customer: Cola, please.
စားသုံးသူ - ကိုလာအအေး ပေးပါ။
Customer: Waiter, how much does it cost?
စားသုံးသူ - စားပွဲထိုးရေ ဒါဘယ်လောက်ကျသလဲ။
Waiter: It' s 4500 Kyats.
စားပွဲထိုး - ၄၅၀၀ ကျပ် ကျပါတယ်။

(B) **Translate the following dialogue. (အောက်ပါစကားပြောပုံစံကို အင်္ဂလိပ်လိုပြန်ရေးပါ။)**

စားပွဲထိုး - မင်္ဂလာညနေခင်းပါ။
စားသုံးသူ - မင်္ဂလာပါ။
စားပွဲထိုး - ဘာများသုံးဆောင်မလဲခင်ဗျာ။
စားသုံးသူ - စားသောက်ဖွယ်ရာစာရင်း ကြည့်လို့ရမလား။
စားပွဲထိုး - ရော့ဒီမှာပါခင်ဗျာ။
စားသုံးသူ - ကျွန်တော်က ထမင်းနဲ့ ဆိတ်သားဟင်း၊ သံပရာရည် တစ်ခွက်။
စားသုံးသူ - စားပွဲထိုး၊ ဒါဘယ်လောက်ကျသလဲ။
စားပွဲထိုး - ၈၅၀၀ ကျပ်ကျပါတယ် ခင်ဗျာ။

(C) **Make a dialogue on ordering food and drinks between a waiter and a customer. (စားပွဲထိုးနှင့် စားသုံးသူနှစ်ယောက်အကြား စားသောက်ဖွယ်ရာများ မှာယူပုံကို ရေးပါ။)**

Waiter: ____________________________________
Customer: ____________________________________
Waiter: ____________________________________
Customer: ____________________________________

++++++++++++++++++++

(လာမည့်အပတ်တွင် Lesson 2: Do you eat healthy food? အကြောင်း ဖော်ပြပါမည်)

## Grade 7

ယခင်အပတ်က Yes/No Questions အကြောင်းကို ဖော်ပြခဲ့ပါတယ်။ ဒီအပတ်မှာလည်း Yes/ No Questions အကြောင်းကို ဆက်လက်ဖော်ပြသွားမှာဖြစ်ပါတယ်။

(ယခင်အပတ်မှအဆက်)

**Yes/No Questions**

Present Perfect (has, have + V3) &

Past Perfect (had + V3)

e.g. (1) I have eaten breakfast.
မေးခွန်း- Have you eaten breakfast?
အဖြေ - Yes, I have. (OR) No, I haven't.

e.g. (2) She has drawn a picture.
မေးခွန်း- Has she drawn a picture?
အဖြေ - Yes, she has. (OR) No, she hasn't.

e.g. (3) They had played tennis.
မေးခွန်း- Had they played tennis?
အဖြေ - Yes, they had. (OR) No, they hadn't.

Present Continuous Tense (am, is, are + Ving)

& Past Continuous Tense (was, were + Ving)

e.g (1) She is cooking the rice.
မေးခွန်း- Is she cooking the rice?
အဖြေ - Yes, she is. (OR) No, she isn't.

e.g. (2) They are doing homework.
မေးခွန်း- Are they doing homework?
အဖြေ - Yes, they are. (OR) No, they aren't.

e.g. (3) We were learning English.
မေးခွန်း- Were you learning English?
အဖြေ - Yes, we were. (OR) No, we weren't.

**(1) Modal Verbs**

Modal Verbs တွေက can, could, shall, should, will, would, may, might, must တို့ဖြစ်ပါတယ်။

e.g. (1) I can swim.
မေးခွန်း- Can you swim?
အဖြေ - Yes, I can. (OR) No, I can't.

e.g. (2) You should buy this car.
မေးခွန်း- Should I buy this car?
အဖြေ - Yes, I should. (OR) No, I shouldn't.

(modal verbs ပါတဲ့ဝါကျတွေကို မေးခွန်းဝါကျပြောင်းရင် modal verbs တွေကို ရှေ့ထုတ်ပေးရသည်။

**အောက်ပါဝါကျများကို မေးခွန်းပုံစံပြောင်းပါ။**

1. I have done my homework.
2. Yin Yin has cooked the curry.
3. Nyi Lay is writing a letter.
4. Her mother is selling vegetables.
5. Your grandpa was telling a story to you.
6. We can play football.
7. They will teach their sisters table manners.
8. There will be four people in the room.
9. He has been an army officer for ten years.
10. Lwin Lwin may take an umbrella.
11. Mee Lay is helping her parents.
12. He had many friends.
13. U Thein taught us English.
14. My sister has long hair.
15. They went back home late last night.
16. The doctor will give the medicine to the patient.
17. The girls will learn how to cook.
18. He should stay at home.
19. Sandar has been sick since last week.
20. Daw May Khin can speak six foreign languages.

Ans: 1. Have you done your homework? 2. Has Yin Yin cooked the curry? 3. Is Nyi Lay writing a letter? 4. Is her mother selling vegetables? 5. Was your grandpa telling a story to you? 6. Can you play football? 7. Will they teach their sisters table manners? 8. Will there be four people in the room? 9. Has he been an army officer for ten years? 10. May Lwin Lwin take an umbrella? 11. Is Mee Lay helping her parents? 12. Did he have many friends? 13. Did U Thein teach you English? 14. Does your sister have long hair? 15. Did they go back home late last night? 16. Will the doctor give the medicine to the patient? 17. Will the girls learn how to cook? 18. Should he stay at home? 19. Has Sandar been sick since last week? 20. Can Daw May Khin speak six foreign languages?

+++++++++++++++

(လာမည့်အပတ်တွင် Lesson 4: Going on a holiday အကြောင်း ဖော်ပြပါမည်)

# Grade 8

## Unit 6
## Lesson 4 : Let's save our earth!

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. N__________s are eyes and ears of a country.
2. F__________ are mainly used in vehicles.
3. With the help of e__________, we can light our rooms, run buses and trains,.
4. Smoking is a dangerous h__________.
5. Some people just dump their r__________ in the river.
6. Throwing away rubbish carelessly is not good for the e__________.
7. S__________ are the future of our nation.

**II. Supply the correct form of the words given in brackets.**

1. (electric) The __________ went off during the storm.
2. (protect) Her coat gave her __________ from the rain.
3. (clean) Mya Mya is a __________ at the hospital.
4. (show) She takes a __________ every morning.
5. (care) She got low marks due to her ________mistakes.
6. (care) Listen __________! I will tell you the answer.
7. (interest) She is __________ in drawing.
8. (interest) Drawing is an __________ art.
9. (definite) She states her views __________.
10. (happy) Everyone seeks __________.

**III. Complete the sentences with the words given below. There are two extras.**

| clean | save | recycle | warming | grow |
|---|---|---|---|---|
| electricity | leftover | | | |

1. This is yesterday's __________ bread.
2. Economy cars __________ your money.
3. About 60% of the country's ________ is produced from coal.
4. Cats are __________ animals.
5. Global __________ will bring disasters to us.

**IV. Supply the correct form of the verbs given in brackets.**

1. (save) I am __________ up to buy a house.
2. (protect) I have to ________ my daughter.
3. (drive) She quickly ________ us home.
4. (realize) He ________ his mistake at once.
5. (water) Ko Ko ________ the plants every morning.
6. (not, grow) Rice ________ in cold climates.
7. (turn) The earth ________ on its axis once every 24 hours.

**V. Complete the sentence with correct conjunction.**

| and | but | so | or | for |
|---|---|---|---|---|

1. Aung Aung laughed cheerfully ________ jumped out.
2. She is poor ________ she is honest.
3. My friend asked me a doubt, ________ I replied.
4. Min Min ________ Kyaw Kyaw are best friends.
5. I was tired, ________ I went to home early.
6. She refused at first, ________ finally accepted it.
7. I buy cakes, candies ________ ice-creams.
8. I have got an exam tomorrow, ______ I must study tonight.
9. Do you prefer coffee ________ tea?
10. I have waited at the airport __________ three hours.

**VI. Fill in the blanks using used to or didn't use to.**

1. I __________ eat vegetables but now I do.
2. He ________ ride a motorbike but he doesn't any more.
3. I __________ eat a lot of sweets but I don't any more.
4. She __________ like dogs but she has got two now.
5. He ________ do exercise. He goes jogging every morning.
6. May Lay doesn't travel much now. She ______ travel a lot.
7. Zaw Zaw __________ have a motorbike, but last year she sold it and bought a car.
8. We came to live in Nay Pyi Taw a few years ago. We __________ live in Yangon.
9. There __________ be a hotel near the airport, but it closed a long time ago.
10. She __________ drink tea, but she likes it now.

**VII. Fill in the blanks using must or mustn't.**

1. You __________ shout at the teacher or your classmates.
2. You __________ use your mobile phone in class.
3. You __________ ask the teacher if you don't understand.
4. You __________ eat in the classroom.
5. You __________ cheat in your exams.
6. You __________ pay attention to the teacher.

Answer

**Lesson 4 : Let's save our earth!**

I. 1. Newspapers; 2. Fuel; 3. electricity; 4. habit; 5. rubbish; 6. environment; 7. Students;

II. 1. electricity; 2. protection; 3. cleaner; 4. shower; 5. careless; 6. carefully; 7. interested; 8. interesting; 9. definitely; 10. happiness;

III. 1. leftover; 2. save; 3. electricity; 4. clean; 5. warming;

IV. 1. saving; 2. protect; 3. drove; 4. realized; 5. waters; 6. does not grow; 7. turns;

V. 1. and; 2. but; 3. and; 4. and; 5. so; 6. but; 7. and; 8. so; 9. or; 10. for;

VI. 1. didn't use to; 2. used to; 3. used to; 4. didn't use to; 5. didn't used to; 6. used to; 7. used to; 8. used to; 9. used to; 10. didn't use to;

VII. 1. mustn't; 2. mustn't; 3. must; 4. mustn't; 5. mustn't; 6. must;

+++++++++++++++

# Grade 9 (စနစ်ဟောင်း)

## Using participle (Ving)

ကိစ္စတစ်ခုလုပ်ရင်း၊ လုပ်လျက်၊ လုပ်လို့ အခြားကိစ္စတစ်ခုဖြစ်ပျက်၊ ပြုလုပ်ကြောင်း ဖော်ပြရာတွင် သုံးသည်။

* အရင်လုပ်ဖြစ်ရပ်ဝါကျ၏ ကြိယာကို Ving ပုံစံပြောင်းရေးပါ။ am, is, are ဆိုလျှင် Being၊ has, have, had ဆိုလျှင် having၊ Main Verb ဆိုလျှင် Ving ပုံစံပြောင်းပေးရသည်။ ဝါကျနှစ်ကြောင်းကြားတွင် (,) ကော်မာခံရေးပြီး နောက်ဝါကျကို မူလအတိုင်းပြန်ရေးပေးရသည်။

**e.g. He heard a cry for help. He rushed outside.**

(အကူအညီတောင်းသံကို သူကြားခဲ့တယ်။ သူအပြင်ကို အလျင်စလို ထွက်သွားခဲ့တယ်။)

**Hearing a cry for help, he rushed outside.**

(အကူအညီတောင်းသံကိုကြားလို့ သူအပြင်ကို အလျင်စလိုထွက်သွားခဲ့တယ်။)

e.g. Nyi Nyi saw a beautiful rainbow. He was excited.

Seeing a beautiful rainbow, Nyi Nyi was excited.

Ex: 1. He worked very hard. He won the first prize.
Working ____________________.

2. He thought he knew the answer. He put up his hand.
Thinking ____________________.

3. She shouted at the driver to stop. She ran after the bus.
Shouting ____________________.

4. He forgot that the letter was still inside it. He threw away the envelope.
Forgetting ____________________.

5. He looked around for the missing baby. He found him lying asleep beneath the sheets.
Looking ____________________.

++++++++

### as adj as (လောက်.. ဖြစ်တယ်။)

နှိုင်းယှဉ်ဖော်ပြတဲ့ လူ၊ အရာဝတ္ထုရဲ့ဂုဏ်ရည်ဟာ တူညီနေတယ်ဆိုရင် as…as ကိုသုံးပြီး ဖော်ပြနိုင်သည်။

e.g. Min Min is tall. Zin Thu is equally tall.

Min Min is as tall as Zin Thu.

e.g. Hla Hla is beautiful. Mya Mya is equally beautiful.

Hla Hla is as beautiful as Mya Mya.

ဂုဏ်ရည်တွေ မတူညီဘူးဆိုရင် so…as ကို သုံးရသည်။

e.g. Min Min is not so tall as Zin Thu.

e.g. Hla Hla is not so/as beautiful as Mya Mya.

Ex: 1. Ko Ko is brave. He is like a lion.
____________________.

2. Phyu Sin is beautiful. She is like an actress.
____________________.

3. Ma Ma is proud. She is like a peacock.
____________________.

4. The water was cold. It was like ice.
____________________.

5. Zin May is fat. She is like a pig.
____________________.

+++++++++++++++

### D2 …than ( ထက်သာလွန်သည်။)

ဂုဏ်ရည်တစ်ခုသည် အခြားဂုဏ်ရည်တစ်ခုထက် ပိုမိုသာလွန်ကြောင်း ဖော်ပြရာတွင် D2 …than ကို သုံးရသည်။

e.g. Ko Ko is handsome. Nyi Nyi is very handsome.

Nyi Nyi is more handsome than Ko Ko.

e.g. My mother is slim. My sister is very slim.

My sister is slimmer than my mother.

Ex: 1. Our school is big. Their school is very big.
____________________.

2. Mee Lay is bright. Her sister is very bright.
____________________.

3. This box is heavy. That box is very heavy.
____________________.

4. Lwin Lwin is short. Khin Khin is very short.
____________________.

5. Mother is strict in discipline. Father is very strict in discipline.
____________________.

++++++++++++++

### It is/ was ….

အဓိကထားပြောချင်သည့် noun ကို It is/ was ၏ အနောက်တွင် ထားရသည်။

Subject/Object/place/time စသည်တို့ကို အဓိကထား ရေးနိုင်သည်။ လူဆိုလျှင် who/that၊ အရာဆိုလျှင် that ၊ နေရာဆိုလျှင် where တို့ကို အဓိကထားရေးသည့် noun အနောက်တွင် ထားရသည်။

e.g. Farmers grow paddy in Myanmar.

It is farmers who grow paddy in Myanmar.

It is paddy that farmers grow in Myanmar.

It is in Myanmar where farmers grow paddy.

Ex: 1. Fleming discovered penicillin.
It was ____________________.

2. Antiseptics kill the bacteria and the white cells.
It is ____________________.

3. Penicillin kills only the deadly microbes.
It is ____________________.

4. Bacteria attack our bodies.
It is ____________________.

5. My sister studies science.
It is ____________________.

++++++++++++++

### It takes/ took (အချိန်ကြာမြင့်သည်။)

အကြောင်းကိစ္စတစ်ခုလုပ်ဆောင်ရာတွင် အချိန်မည်မျှကြာမြင့်သလဲဆိုသည်ကို ဖော်ပြရာတွင် It takes/took ကို သုံးသည်။

e.g. I take two hours to finish this work.

It takes two hours for me to finish this work.

It takes me two hours to finish this work.

e.g. You took one hour to get there.

It took one hour for you to get there.

It took you one hour to get there.

(လူကိုရှေ့တွင်ထားလျှင် ကြာချိန်အရှေ့မှာ ဘာမျှခံစရာမလို ကြာချိန်ကို အရှေ့မှာထားလျှင် လူအရှေ့မှာ for ခံပေးရသည်။)

Ex: 1. I take a day to get there.
It takes ____________________.

2. She took two days to finish her work.
It took ____________________.

3. They have taken half and an hour to paint the walls.
It has taken ____________________.

4. Mother takes one hour to get to the market.
It takes ____________________.

5. Grandpa took two hours to read the newspaper.
It took ____________________.

+++++++++

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ဓာတ်ခွဲနမူနာစုစုပေါင်း ၈၀၁၂ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၄၇ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၁၈-၁၁-၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၁၇-၁၁-၂၀၂၂) ရက်နေ့ ည(၈:၀၀)နာရီမှ (၁၈-၁၁-၂၀၂၂) ရက်နေ့ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၈,၀၁၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ်(၄၇) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၅၉) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၅၇၃,၅၄၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း (၆၃၂,၉၅၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၂၄) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၇,၂၆၅) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ(၁)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၈၇) ဦး ရှိပါသည်။

ယခုအခါ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးတွင် ဖြစ်ပွား၊ သေဆုံးမှုအနေဖြင့် လျော့နည်းကျဆင်းလာလျက်ရှိပြီး မြန်မာနိုင်ငံတွင်လည်း ကျန်းမာရေးဝန်ကြီးဌာန၏ ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းစဉ်မှ နေ့စဉ်ဓာတ်ခွဲစစ်ဆေးမှုများ၌ ရောဂါပိုးတွေ့ရှိမှုအနေဖြင့် (၂၇) ရက်ဆက်တိုက် (၂)ရာခိုင်နှုန်းအောက်သို့ ကျဆင်းလျက်ရှိကြောင်း တွေ့ရှိရပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့်အတူ ယှဉ်တွဲပြီး(Living with COVID) နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် (New Normal) နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက်(၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက်ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့်သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့်နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်) အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀)ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်း စသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန



## မှော်ဘီမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေး အခမ်းအနားကျင်းပ

မှော်ဘီ နိုဝင်ဘာ ၁၈

ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ (၂၀၁၉-၂၀၂၀)(၂၀၂၁-၂၀၂၂) ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်အစည်းအဝေး အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက သမဝါယမအသင်းစုလီမိတက်ရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမအသင်းစု ဥက္ကဋ္ဌ ဦးထွန်းမြင့်က လုပ်ငန်းဆိုင်ရာများရှင်းလင်းပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဥမ္မာမြင့်က အမှာစကားပြောကြားကာ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို အုပ်ချုပ်မှု ဒါရိုက်တာ ဦးအေးကြူကလည်းကောင်း၊ အသင်းသားစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာအား မှော်ဘီမြို့နယ် သမဝါယမအသင်းစုလီမိတက်အဖွဲ့ဝင် ဦးကျော်ရွှေတို့က ဖတ်ကြားခဲ့ကြကြောင်း သိရသည်။

ဆက်လက်၍ အသင်းဝင်ကိုယ်စားလှယ်များက ဆွေးနွေးမေးမြန်းခြင်းနှင့် ဆွေးနွေးမေးမြန်းချက်များကို ဒါရိုက်တာအဖွဲ့က ရှင်းလင်းဆွေးနွေးခြင်း၊ ဒါရိုက်တာအဖွဲ့၏ လုပ်ငန်းအစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်း အသင်းသားစာရင်းစစ်အဖွဲ့၏ အစီရင်ခံစာတို့ကို အတည်ပြုချက်ရယူပြီး CHINA EXIM BANK ချေးငွေ(၁၁)ကြိမ်နှင့် (၁၂)ကြိမ်ချေးငွေများ ဆောလျင်စွာ ပေးဆပ်ခဲ့သော အသင်းသားများအား ဂုဏ်ပြုဆုချီးမြှင့်ခဲ့ကာ အခြေခံအသင်း ၈၂ သင်းသို့ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဒေါ်ဥမ္မာမြင့်က အစုပေါ်အမြတ်ငွေကျပ် ၁၉၂ သိန်း ပေးအပ်ခဲ့ကြောင်း သိရသည်။

ကောင်းမြတ်သူ (မှော်ဘီ)

## ထန်းတပင်မြို့နယ်၌ ဆီထွက်သီးနှံ(နေကြာ)တိုးချဲ့စိုက်ပျိုးရေးစီမံကိန်း စိုက်ပျိုးပြသပွဲကျင်းပ

ရန်ကုန် နိုဝင်ဘာ ၁၈

ဆီထွက်သီးနှံ(နေကြာ)တိုးချဲ့စိုက်ပျိုးရေး စီမံကိန်းကွင်းလက်တွေ့ စိုက်ပျိုးပြသပွဲကို ယနေ့ မွန်းလွဲပိုင်းက ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်တွင် ခနဲရိုကျေးရွာရှိ တောင်သူဦးမြင့်ဝေ၏ ကွင်းအမှတ်(၂၄၈) ကြာအင်းကွင်း လယ်နှစ်ဧက၌ ကျင်းပသည်။



ဆီထွက်သီးနှံ (နေကြာ) လက်တွေ့စိုက်ပျိုးပြသရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးနှင့် မြို့နယ် စီမံအုပ်ချုပ်ရေး အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစောဝင်းကိုနှင့် စိုက်ပျိုးရေးဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ဒေသခံတောင်သူများက နေကြာမျိုးစေ့များကို လက်တွေ့စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

ဒေသတွင်း စားသုံးဆီဖူလုံစေရေးအတွက် ထန်းတပင်မြို့နယ်အတွင်း ဆီထွက်သီးနှံ(နေကြာ)ကို စိုက်ပျိုးခြင်းဖြစ်ပြီး ဆီထွက်သီးနှံ(နေကြာ) စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်အတွင်းရှိ တောင်သူများကို အသိပညာပေးလုပ်ငန်းများဖြစ်သည့် နေကြာသီးနှံ စိုက်ပျိုးရေးနည်းစနစ်များ အကြောင်းရှင်းလင်းခြင်း၊ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းနှင့် တောင်သူများအား နေကြာမျိုးစေ့ထောက်ပံ့ပေးအပ်ခြင်းများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့က ဦးဆောင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ဇင်မင်းထိုက် (ထန်းတပင်)

## ကမ္ဘာ့ကလေးများနေ့ အထိမ်းအမှတ် ကာယ၊ ဉာဏစွမ်းရည်ပြိုင်ပွဲများ ကျင်းပ

မော်လမြိုင် နိုဝင်ဘာ ၁၈

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အမှတ်(၃) မူလတန်းကြိုကျောင်းတို့ ပူးပေါင်း၍ နိုဝင်ဘာ ၂၀ ရက်တွင်ကျရောက်မည့် ကမ္ဘာ့ကလေးများနေ့အထိမ်းအမှတ်အဖြစ် ကလေးငယ်များ ကာယ၊ ဉာဏ စွမ်းရည်များ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စာကြည့်တိုက်သို့ လာရောက်သည့် အလေ့အကျင့်ရှိစေရန်ရည်ရွယ်၍ ယနေ့ နံနက်ပိုင်းက လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကာယ၊ ဉာဏ စွမ်းရည်ပြိုင်ပွဲများကို ကျင်းပပေးခဲ့ကြောင်း သိရသည်။



### ပါဝင်ယှဉ်ပြိုင်

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်စန်းမြင့်က ကလေးငယ်များ ဉာဏ်ရည်ဉာဏ်သွေးထက်မြက်စေရန်၊ စဉ်းစားတွေးခေါ်မှုအားကောင်းစေရန်၊ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ရင်းနှီးမှုရရှိစေရန်၊ ပူးပေါင်းပါဝင်ဆောင်ရွက်တတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန်၊ ပြည်သူ့စာကြည့်တိုက်အား အများပြည်သူ ဝင်ထွက်သွားလာနိုင်သည့်နေရာ၊ ပညာဗဟုသုတရှာမှီးရာနေရာတစ်ခုအဖြစ် သိရှိစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဆေးရောင်ခြယ်ပြိုင်ပွဲများကို ပြုလုပ်ပေးခဲ့ရာ အမှတ် (၃)အခြေခံပညာမူလတန်းကြိုကျောင်းမှ ကျောင်းသား ကျောင်းသူလေးများက စိတ်ပါဝင်စားစွာ ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သင့်ကျန်းမာရေးအတွက် နေ့စဉ်နံနက်စောစောလမ်းလျှောက်ပေးပါ

## အထူးလှိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း

(၁၀၂)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဂုဏ်ပြုချီးမြှင့်သော သီရိပျံချီ ဘွဲ့တံဆိပ်ကို **ဦးဇော်ဇော်နိုင် (ခ) Shri MG Thangaraja** ဒုတိယဥက္ကဋ္ဌ၊ ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (မြန်မာနိုင်ငံ) အလုပ်အမှုဆောင်အဖွဲ့မှ ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ခံရသည့်အတွက် စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံ၍ ချစ်သောမိသားစုနှင့်အတူ နိုင်ငံအကျိုး၊ သာသနာ့အကျိုး ဆတက်ထမ်းပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် အထူးလှိုက်လှဲစွာ ဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

**ဦးကိုကိုကြီး-ဒေါ်မိုးမိုး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈၇)၊ သမာဓိလမ်း၊ (၆၉၇/ခ)၊ အကျယ်အဝန်း (၂၀ပေx၆၀ပေ)ရှိ ဦးသန်းငွေအမည်ပေါက်ဖြင့် ရန်ကုန်မြို့ရွာနှင့် အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနမှ မြေချပါမစ်ထုတ်ပေးထားသော မြေကွက်နှင့် နေအိမ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား လက်ဝယ်ထား ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်လှအေးသိန်း [၁၀/မတန(နိုင်)၀၀၈၇၄၃]မှ ၎င်းအမှန်တကယ် ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း၊ လွတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း၊ ဝန်ခံကတိပြုလျက် ရောင်းချလာသောကြောင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးမြင့်ခိုင်နှင့် ဒေါ်သန္တာစိုးတို့မှ စရန်ငွေတစ်စိတ်တစ်ဒေသပေးချေ၍ ဝယ်ယူထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းပစ္စည်းမြေကွက်၏ ပိုင်ရေးဆိုင်ခွင့်နှင့်ပတ်သက်၍ တစ်စုံတစ်ရာကန့်ကွက်လိုပါက တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် အကယ်၍ ကန့်ကွက်မည့်သူမရှိပါက ဤမြေကွက်အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးပြတ်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမြင့်ခိုင်နှင့် ဒေါ်သန္တာစိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဝေမာထွေး(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၉၉၈)**
**ဖုန်း-၀၉-၄၄၂၉၁၂၂၉၇**

## ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်အပိုပစ္စည်း လုပ်ငန်းရှင်များအသင်း
## အသင်းသူ၊ အသင်းသားများ သိသာပါရန်

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်အပိုပစ္စည်းလုပ်ငန်းရှင်များအသင်း၏ ၂၀၂၂-၂၀၂၅ ခုနှစ်အတွက် တာဝန်ယူဆောင်ရွက်မည့် ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်ရွေးချယ်ပွဲကို ၁၇-၁၂-၂၀၂၂ (စနေနေ့) နံနက် ၉:၀၀ နာရီတွင် အမှတ်(၅၁-ဘီ-၁)၊ အရှေ့မြင်းပြိုင်ကွင်းလမ်းမကြီး၊ တာမွေမြို့နယ်ရှိ Sky Star Hotel (Ruby Hall) ခန်းမတွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် အသင်းဝင်များ တက်ရောက်ဆန္ဒမဲပေးပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

၂၀၂၂-ခုနှစ် -November (၂၁)ရက်အထိ အသင်းဝင်ပြီးသော အသင်းသားများသည် အလုပ်အမှုဆောင်အဖြစ် ပါဝင်ရွေးချယ်ခံနိုင်ခွင့်ရရှိမည်ဖြစ်ပါသည်။ အဆိုပြုလွှာအား ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ (၃၀)ရက်နေ့ နောက်ဆုံးထားပြီး အသင်းရုံးသို့ ပို့ပေးရမည်ဖြစ်ပါသည်။ အသေးစိတ်မေးမြန်းလိုပါက macsaa.info@gmail.com (သို့) 09- 892006864 သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အလုပ်အမှုဆောင်ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၃)ရပ်ကွက်၊ မိုးကောင်းလမ်း၊ အမှတ်(၃၈)၊ တစ်ခန်းတည်း RC (၈)ထပ်ခွဲတိုက်မှ ဒုတိယထပ်(၃-လွှာ)၊ ဧရိယာ (၂၀၄၀) စတုရန်းပေရှိ မီနီကွန်ဒိုတိုက်ခန်းနှင့်တကွ ရေမီးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်ပြီး တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဦးကျော်လွင်ဦး [၁၀/မလမ(နိုင်)၁၄၃၃၅၂]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချိုချိုလှိုင်ကို [၁၂/ဗဟန(နိုင်)၀၉၀၂၄၇]မှ အပြီးအပြတ်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်ချိုချိုလှိုင်ကို၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဝင်းမင်းစိုး LL.B,WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၆၆၄)**
**Ph: 09-450023651, 09-793568375**
**အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ ကြယ်စင်မြို့တော် (Star City)၊ သန်လျင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## “ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း”

ရန်ကုန်မြို့၊မင်္ဂလာဒုံမြို့နယ်၊ ဉာဏရပ်ကွက်၊ မြတ်လေးလမ်း၊ ပုလဲမြို့သစ်တွင်နေထိုင်သော **ဒေါ်နန်းအင်** [၁၃/ပလတ(နိုင်)၀၁၀၇၀၂]သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်အားရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် အမှတ်တံဆိပ်မူပိုင်ရှင်ဖြစ်ပါသည်-




**စာချုပ်အမှတ်-၈၇၉၂/၂၀၂၂(နေ့စွဲ-၁.၁၁-၂၀၂၂)**

အထက်ဖော်ပြပါ အမှတ်တံဆိပ် အမည်အမှတ်အသားဖြင့် ယိုးဒယားငရုတ်သီးနှမ်းကပ်ကြော်အမျိုးမျိုး၊ ငါးလေးနှမ်းကပ်ကြော်၊ ဘာလချောင်ကြော်အမျိုးမျိုး၊ ယံမွေးလက်ဖက်စို၊ လက်ဖက်ခြောက်အမျိုးမျိုး၊ အကြော်စုံအမျိုးမျိုး၊ အဆာပြေမုန့်အမျိုးမျိုး၊ အသင့်စားမုန့်အမျိုးမျိုး စသည့်စားသောက်ကုန်အမျိုးမျိုးတို့အား ကိုယ်တိုင်ထုတ်လုပ်၍ လက်လီလက်ကားဖြန့်ဖြူးရောင်းချခြင်း၊ online မှ ရောင်းချပေးခြင်းတို့တွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍အဆိုပါ အမှတ်တံဆိပ်အား မည်သည့်ပုံစံဖြင့်မဆို မှိုငြမ်းတုပသုံးစွဲခြင်း၊ ထုတ်လုပ်ရောင်းချခြင်း၊ အခြားတစ်နည်းနည်းဖြင့် အသုံးပြုခြင်းမျိုး လုပ်ဆောင်ခြင်းမပြုကြရန် သတိပေးတားမြစ်ပါသည်။ မှိုငြမ်းတုပသုံးစွဲခဲ့မည်ဆိုပါက တည်ဆဲဥပဒေနှင့်အညီ တရားစွဲဆိုအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်နန်းအင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်(LL.B,D.B.L,D.I.L,D.M.L)** | **ဒေါ်ခိုင်ဆုဝေ(LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်-၁၄၅၃၇)** | **(စဉ်-၅၂၀၆၅)** |

**The Solution Power Legal Consultant and Investment Co.,Ltd**
**အမှတ်(၉၃၆)၊ ရွှေနှင်းဆီ (၂)လမ်း၊ (၉)မိုင်၊ ပြည်လမ်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ စောရန်ပိုင်(အရှေ့)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ မင်းရဲကျော်စွာအိမ်ရာ၊ တိုက်အမှတ်(၃၉)၊ အခန်းအမှတ်(၁၃၀၃)အား အမည်ပေါက် ဦးထင်လင်းပြည့် [၁၂/လသန(နိုင်)၀၁၃၈၉၉]ထံမှ ဒေါ်ခင်ခင်အေး [၁၀/မလမ(နိုင်)၁၃၃၄၈၄]က ဝယ်ယူပြီးဖြစ်ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ဖုန်း- ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၇/အနောက်)ရပ်ကွက်၊ ရောဝဏ်လမ်း၊ မြခွာညို(ကွန်ဒို)အိမ်ရာ၊ တိုက်အမှတ် (၁၀ ခန်းတွဲ၊ ၈ထပ်)၊ အခန်းအမှတ်(၂၀၅)အား အမည်ပေါက် ဦးဝဏ္ဏထွန်း[၁၂/တမန(နိုင်)၀၂၀၄၄၄]နှင့် ဒေါ်နှင်းအေးချစ်[၁၂/တမန(နိုင်)၀၉၇၃၁၇]တို့ထံမှ ဒေါ်မြင့်စန်းနွယ်[၁၂/ကတတ(နိုင်)၀၀၃၈၉၇]နှင့် ဒေါ်ခိုင်နွယ်နွယ် [၁၂/မဂဒ(နိုင်)၁၄၇၂၈၇]တို့က ဝယ်ယူပြီးဖြစ်ပါသဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်။ ဖုန်း-၀၆၇-၃၄၀၇၅၄၇**

## အများပြည်သူသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ရန်ကုန်မြို့၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆)၊ မြေကွက်အမှတ်-၁၂၁၊ မြေဧရိယာ-(၀.၀၆၈) ဧက (၅၀ပေx၆၀ပေ)၊ အကျယ်အဝန်းရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ရှိ အိမ်အမှတ်-၁၂၁၊ အောင်သိဒ္ဓိလမ်း၊ ၆-ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့ဟုခေါ်တွင်သည့် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခွဲမှုဌာနတွင် အမည်ပေါက်ပိုင်ရှင် အောင်ဂှက်အိန်(ခ)ဒေါ်အေးအေးမူ [၁၂/လသန(ဧည့်)၀၀၀၉၁၃] ထံမှ ဦးသက်နောင်နောင်ထွန်းက (၁၅-၈-၂၀၁၄)ရက်စွဲပါ အိမ်နှင့်မြေအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားပြီး ဦးသက်နောင်နောင်ထွန်းထံမှ (၁၂-၇-၂၀၁၇) ရက်စွဲပါ အိမ်နှင့် မြေအပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ်ဖြင့် ထပ်ဆင့်ဝယ်ယူပိုင်ဆိုင်ထားသူဟု အဆိုပြုသူ ဒေါ်ကေဇင်မြင့်ဦး (ဘ) ဦးမြင့်ဦး[၇/ပခန(နိုင်)၁၇၁၁၅၃]၊ အမှတ်-၇၈၁/၃ အေ၊ မဟာဗန္ဓုလလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့နေသူထံမှ ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေချည်းသက်သက် မြေကွက်အား အရောင်းအဝယ်ပြုလုပ်သည့်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အဆိုပါမြေကွက်အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
